# စက်မှုအလင်း ဂျာနယ်

# Beacon of Industry

Vol.2, No.17 - Sep 30 , 2017 www.industry.gov.mm စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။




## လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ တရားဥပဒေစိုးမိုးရေးနဲ့တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေမယ့်ဆောင်ရွက်ချက်တွေအားလုံးကို တရားဥပဒေအရ တိတိကျကျ အရေးယူဆောင်ရွက်သွားမှာဖြစ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာလ ၁၉ ရက်နေ့၊နံနက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကြိုးပမ်းအားထုတ်မှုများနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ၃




ကိုရီးယားသမ္မတနိုင်ငံ KDE & C ကုမ္ပဏီက ရခိုင်ပြည်နယ်၊ မောင်တောဒေသရှိကျေးရွာများသို့ စက်မှုဝန်ကြီးဌာနမှတစ်ဆင့်လှူဒါန်းသော နေအိမ်သုံးဆိုလာမီးထွန်းစနစ် (၁၅၀) စုံ ပေးအပ်လှူဒါန်း


ကျောဖုံး သို့-



စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဝန်ထမ်းအိမ်ရာများနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ စက်မှုဇုန်တို့ကိုကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးစဉ်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် စက်တင်ဘာလ ၁၆ ရက်နေ့ နေ့လယ်ပိုင်းက နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်ရှိ **သရဖီအိမ်ရာ**နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ **ချယ်ရီအိမ်ရာ**တို့တွင် စက်မှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနေထိုင်သည့်အိမ်ရာများသို့သွားရောက်၍ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ၊ အဆောက်အဦနှင့် အဆောက်အဦပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အိမ်ရာများအတွင်း ဝန်ထမ်းမိသားစုများ နေထိုင်လျက်ရှိသည့်အခြေအနေ၊ လျှပ်စစ်နှင့်ရေသုံးစွဲမှုအခြေအနေ၊ ရေဆိုးနှင့်ရေမြောင်းများ ရေစီးရေလာကောင်းမွန်မှု ရှိ/မရှိအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အိမ်ရာအနီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်၊ အိမ်ရာများကို မိမိအိမ်ကဲ့သို့သဘောထား၍ စည်းကမ်းရှိစွာဖြင့် သန့်သန့်ရှင်းရှင်း ထိန်းသိမ်းနေထိုင်ကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံပိုင်အိမ်ရာများတွင် နေထိုင်ရာ၌ သက်ဆိုင်ရာဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာရန်တာဝန်ရှိကြောင်း၊ ဝန်ထမ်းများနှင့်မိသားစုများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပုံစံမမှန်၊ စနစ်မကျသော လျှပ်စစ်ဝါယာသွယ်တန်းထားမှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန်လိုကြောင်း၊ မိလ္လာကန်များ ရေလျှံမှုမဖြစ်ပေါ်စေရန်နှင့်ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများမှလည်း အမှိုက်များကို သတ်မှတ်နည်းလမ်းအတိုင်း စနစ်တကျစွန့်ပစ်ကြရန် မှာကြားလိုကြောင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်လျှင် အနံ့အသက်ဆိုးများ ထွက်ရှိမှုမရှိခြင်း၊ ခြင်များပေါက်ဖွားမှုမရှိဘဲ သွေးလွန်တုပ်ကွေးနှင့် အခြားသောရောဂါများမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာခြင်းသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးနှင့် စိတ်အာရုံအပေါ်များစွာသက်ရောက်မှုရှိသည့်အတွက် မိမိပတ်ဝန်းကျင်ကို အစဉ်အမြဲသန့်ရှင်းသာယာအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးကောင်းမွန်ပြီး စိတ်ကြည်လန်းဆန်းနေမှသာ မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသောလုပ်ငန်းများလည်း အောင်မြင်မည်ဖြစ်ရာ ကျန်းမာရေးအလေးထားဂရုပြုနေထိုင်ကြရန် လမ်းညွှန်မှာကြားပြီး ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ဝန်ထမ်းများ၏တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် **ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးတင်ထွဋ်နှင့်အတူ ဒက္ခိဏသီရိမြို့နယ်၊ စက်မှုဇုန်**အတွင်းရှိ နှင်းရာဇာသောက်ရေသန့်စက်ရုံတွင် ရေသန့်ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်၊ ရေဘူးများအတွင်း/ အပြင် ဆေးကြောသန့်စင်မှုအခြေအနေနှင့် ရေဘူးအတွင်းရေများဖြည့်သွင်းနေမှုအခြေအနေတို့ကိုလည်းကောင်း၊ PPET Steel Structure ကုမ္ပဏီမှ P.V.C တံခါးဘောင်များ ထုတ်လုပ်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ အောင်အသားခြောက်လုပ်ငန်း၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်းကောင်း၊ စိမ်းတက်အောင်ကုမ္ပဏီလီမိတက်၏ P.V.C ပိုက်များ ထုတ်လုပ်နေမှုအခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်တို့သည် စိမ်းတက်အောင်ကုမ္ပဏီလီမိတက်အစည်းအဝေးခန်းမ၌ စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များအား လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများကို ကူညီဖြေရှင်းပေးရန်လာရောက်ခြင်းဖြစ်ကြောင်း၊ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြရန်လိုကြောင်း၊ အောင်အသားခြောက်ထုတ်လုပ်မှု လုပ်ငန်းအနေဖြင့် FDA ညွှန်ကြားချက်နှင့်အညီ လိုက်နာ၍ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် **'အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်'** ဟုချမှတ်ထားကြောင်း၊ SME ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်၏ GDP လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ SME ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် SME ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ငွေကြေးအရင်းအနှီးနှင့်နည်းပညာများ လွှဲပြောင်းရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ SME ဖွံ့ဖြိုးတိုးတက်အောင် အားလုံးတက်ညီလက်ညီကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးတို့အတွက် အထူးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး SME လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဒက္ခိဏသီရိမြို့နယ်၊ စက်မှုဇုန်အတွင်းရှိ စက်ရုံများအားကြည့်ရှုစစ်ဆေးစဉ်။

**မျက်နှာဖုံးမှ-**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားသည့်မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (အလွတ်သဘော ဘာသာပြန်ဆိုချက်ဖြစ်ပါသည်။)**

ယမန်နှစ်က ရွေးကောက်တင်မြှောက်ပြီးခါစ မြန်မာနိုင်ငံအစိုးရသစ်ရဲ့ကိုယ်စားလှယ်အနေနဲ့ကုလသမဂ္ဂအထွေထွေညီလာခံမှာ မိန့်ခွန်းပြောကြားခဲ့တုန်းက ကျွန်မတို့အစိုးရအနေနဲ့ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ ရည်ရွယ်ချက်တွေနဲ့အခြေခံမူတွေအပေါ်မှာထားရှိတဲ့ ယုံကြည်မှုတွေကို ထပ်လောင်းအတည်ပြုပြောကြားခဲ့ပါတယ်။ နိုင်ငံများအနေနဲ့ ပိုမိုငြိမ်းချမ်းပြီး ကြွယ်ဝတဲ့ကမ္ဘာ၊ လူသားများအားလုံးအတွက် ပိုမိုကြင်နာမေတ္တာထားသောနေရာ တစ်နေရာအဖြစ်ဝိုင်းဝန်းတည်ထောင်နေတဲ့ ယုံကြည်ချက်နဲ့ကျွန်မတို့ နိုင်ငံမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေနဲ့၊ ယင်းစိန်ခေါ်မှုများကိုကျော်လွှားနိုင်အောင် ကြိုးပမ်းချက်များကို နိုင်ငံတကာအသိုင်းအဝိုင်းကို မျှဝေလိုပါတယ်။

ဒီနှစ်မှာတော့ ကျွန်မအနေနဲ့ အထွေထွေညီလာခံတက်ရောက်ဖို့ နယူးယောက်မြို့ကို သွားရောက်နိုင်ခြင်းမရှိတဲ့အတွက် ယခုလိုသံတမန်တွေကို ရှင်းလင်းပြောကြားမှုတစ်ရပ်ပြုလုပ်ဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

ကျွန်မတို့ပြည်သူတွေဟာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရွေးချယ်တင်မြှောက်ခဲ့ချိန်မှာ ကျွန်မတို့ကို တာဝန်သုံးရပ် ယုံယုံကြည်ကြည်နဲ့ အပ်နှင်းခဲ့ပါတယ်။ **ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေး၊ ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးတို့ပဲဖြစ်ပါတယ်။** အဲဒီစိန်ခေါ်မှုသုံးရပ်စလုံးဟာ လွယ်ကူတဲ့တာဝန်တွေမဟုတ်သလို ရိုးရှင်းတဲ့စိန်ခေါ်မှုတွေလည်း မဟုတ်ပါဘူး။

ကျွန်မတို့အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုတာဟာ ရာစုနှစ်တစ်ဝက်လောက် အာဏာရှင်စနစ်အောက်မှာ ရှိနေတဲ့အခြေအနေကနေ ဒီမိုကရေစီကိုကူးပြောင်းရတာဖြစ်ပါတယ်။ အခုအချိန်မှာ ကျွန်မတို့ပြုစုပျိုးထောင်နေတဲ့ ဒီမိုကရေစီစနစ်ဟာ ဖွံ့ဖြိုးခါစရင့်ကျက်ဖို့လိုသေးတဲ့ မပြည့်စုံသေးတဲ့အနေအထားပဲဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးဆိုတာ ကျွန်မတို့နိုင်ငံလွတ်လပ်ရေးရရှိပြီးတဲ့အချိန် ၁၉၄၈ ခုနှစ်ကစပြီး ပေါ်ပေါက်လာခဲ့တဲ့၊ နှစ်ပေါင်း ၇၀ ပြည်တွင်းပဋိပက္ခတွေ ချုပ်ငြိမ်းအောင်ကြိုးစားနေရတဲ့ကိစ္စပဲ ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုဆိုတာဟာ အခုပြောကြားခဲ့တဲ့ အချက်နှစ်ချက်အပေါ်မူတည်ပြီးမှ ရရှိအောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီတန်ဖိုးတွေကို ပြုစုပျိုးထောင်နိုင်မယ်။ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးကို ထိန်းသိမ်းထားနိုင်မယ်ဆိုမှသာ ကျွန်မတို့ပြည်သူအားလုံး တန်းတူညီမျှရရှိခံစားနိုင်မယ့် ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိနိုင်မှာဖြစ်ပါတယ်။

အားလုံးသိရှိထားပြီး ဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံဟာ ရှုပ်ထွေးနက်နဲလှတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီ ရှုပ်ထွေးနက်နဲမှုတွေနဲ့အတူ ဒီစိန်ခေါ်မှုတွေကို ကျွန်မတို့အစိုးရအနေနဲ့ အချိန်တိုတိုအတွင်းမှာ ချက်ချင်းဖြေရှင်းနိုင်မယ်လို့ ထင်မြင်ယူဆထားတဲ့ ပြည်သူတွေရဲ့မျှော်လင့်ထားမှုတွေကလည်း ရှိနေပြန်ပါတယ်။

ကျွန်မအနေနဲ့ သတိပြုစေချင်တာက ဒီကနေ့ ကျွန်မတို့အစိုးရရဲ့သက်တမ်းဟာ ဆယ့်ရှစ်လတောင်မပြည့်တတ်သေးဘူးဆိုတာကိုပါပဲ။ ဆယ့်ရှစ်လကာလဟာလည်း ဒီလကုန်တော့မှ ပြည့်မြောက်မှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ အများမျှော်လင့်ထားတဲ့အရာတွေအားလုံးကို ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ဖို့ အခက်အခဲတွေအားလုံးကို ကျော်လွှားသွားနိုင်ဖို့ ဆယ့်ရှစ်လဆိုတဲ့အချိန်ကာလဟာ အလွန်တိုတောင်းတဲ့ကာလဖြစ်ပါတယ်။ ဒီလိုပြောတာဟာ ကျွန်မတို့အနေနဲ့ ဒီစိန်ခေါ်မှုတွေကိုကျော်လွှားနိုင်ဖို့၊ အပ်နှင်းထားတဲ့တာဝန်တွေကို ထမ်းဆောင်ဖို့ အဆင်သင့်မဖြစ်သေးဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။




ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာအသိုက်အဝန်းကို ကျွန်မအနေနဲ့ ယုံကြည်ထားလို့ပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့မိတ်ဆွေနိုင်ငံတွေ၊ ကျွန်မတို့ရဲ့ကောင်းကျိုးကိုလိုလားတဲ့နိုင်ငံတွေ၊ ကျွန်မတို့ရဲ့အခက်အခဲတွေကိုနားလည်နိုင်တဲ့နိုင်ငံတွေ၊ ကျွန်မတို့အပေါ်မှာ ကရုဏာတရားထားရှိကြတဲ့နိုင်ငံတွေကို ဒီကနေ့ ကျွန်မတို့အနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းတည်ငြိမ်ရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတွေကြိုးပမ်းဆောင်ရွက်ထားတယ်ဆိုတာကို မျှဝေအသိပေးပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ်အခြေအနေနဲ့ပတ်သက်ပြီး ကမ္ဘာကြီးတစ်ခုလုံးက အလေးထား အာရုံစိုက်နေကြတယ်ဆိုတာကို ကျွန်မအနေနဲ့ကောင်းစွာသိရှိနားလည်ပါတယ်။ ပြီးခဲ့တဲ့နှစ် အထွေထွေညီလာခံမှာ ကျွန်မပြောကြားခဲ့သလိုပါပဲ။ ကမ္ဘာ့မိသားစုဝင်နိုင်ငံတွေကြားမှာ တာဝန်သိတဲ့နိုင်ငံတစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံဟာ နိုင်ငံတကာရဲ့ ဝေဖန်ထောက်ပြမှုတွေကို တုန်လှုပ်နေမှာမဟုတ်ပါဘူး။ ဒါ့အပြင် ကျွန်မတို့ဟာ ကျွန်မတို့နိုင်ငံအတွင်းမှာရှိတဲ့ လူ့အသိုက်အဝန်းအားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးနိုင်မယ့် ရေရှည်တည်တံ့တဲ့ ဖြေရှင်းချက်တစ်ရပ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိအောင် ဆောင်ရွက်သွားမယ့် ကျွန်မတို့အစီအစဉ်တွေကို ရှင်းလင်းတင်ပြဖို့ ယမန်နှစ်က ကုလသမဂ္ဂအထွေထွေညီလာခံကို သွားရောက်ခဲ့တာဖြစ်ပါတယ်။

စိတ်မချမ်းမြေ့စရာကတော့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ ကျွန်မမိန့်ခွန်းပြောကြားပြီး ဆယ့်ရှစ်ရက်အကြာ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ ရဲတပ်ဖွဲ့ကင်းစခန်းသုံးခုကို မွတ်စလင်လက်နက်ကိုင်တွေက တိုက်ခိုက်ခဲ့ကြပါတယ်။ အောက်တိုဘာလ ၁၁ ရက်နေ့နဲ့ နိုဝင်ဘာလ ၁၂ ရက်နေ့တွေမှာလည်း နောက်ထပ်တိုက်ခိုက်မှုတွေဖြစ်ပွားခဲ့ရပါတယ်။ ဒီတိုက်ခိုက်မှုတွေကြောင့် အသက်တွေဆုံးရှုံးခဲ့ရတယ်။ လူတွေထိခိုက်ဒဏ်ရာရရှိခဲ့ကြရတယ်။ ကျေးရွာတွေ မီးလောင်ခဲ့ရတယ်။ အဲဒီဒေသမှာရှိနေတဲ့လူတွေ ထွက်ပြေးစွန့်ခွာကြရပါတယ်။ မွတ်စလင်အတော်များများဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ပြေးသွားခဲ့ကြရပါတယ်။

အဲဒီအချိန်ကစပြီး နိုင်ငံတော်အစိုးရအနေနဲ့အဲဒီဒေသမှာ ငြိမ်းချမ်းတည်ငြိမ်မှုတွေ ပြန်လည်တည်ဆောက်နိုင်အောင် မွတ်စလင်နဲ့ရခိုင်အသိုက်အဝန်းနှစ်ခုအကြား သဟဇာတဖြစ်မှု မြှင့်တင်နိုင်အောင် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ခဲ့ရပါတယ်။ ဒီလိုတိုက်ခိုက်မှုတွေ မဖြစ်ပွားခင်အချိန်ကတည်းက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီတစ်ရပ်ကို ကျွန်မတို့ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်ရဲ့နှစ်ပရိစ္ဆေဒများစွာ ရှည်ကြာခဲ့ပြီဖြစ်တဲ့ပြဿနာတွေကိုဖြေရှင်းရာမှာ အထောက်အကူပြုနိုင်မယ့် ကော်မရှင်တစ်ရပ်ကိုဦးဆောင်ပေးဖို့ ဒေါက်တာကိုဖီအာနန်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီလိုမျိုး ကြိုးပမ်းဆောင်ရွက်နေတဲ့ကြားမှာပဲ ပဋိပက္ခတွေ ထပ်ကျော့ဖြစ်ပေါ်လာတာကို ကျွန်မတို့မတားဆီးနိုင်ခဲ့ပါဘူး။ ပြီးခဲ့တဲ့တစ်နှစ်လုံးပါပဲ။ ကျွန်မတို့ဟာ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးစီမံကိန်းတွေ ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်ရေး မြှင့်တင်မှုတွေဆောင်ရွက်ခဲ့ပါတယ်။

လပေါင်းများစွာ အခြေအနေတွေတည်ငြိမ်ပြီး ငြိမ်းချမ်းနေတယ်လို့ ထင်ရပြီးတဲ့နောက် ဩဂုတ်လ ၂၅ ရက်နေ့မှာ ရဲစခန်းပေါင်း ၃၀ နဲ့ တောင်ဘဇာကျေးရွာမှာရှိတဲ့ တပ်ရင်းဌာနချုပ်ကို လက်နက်ကိုင်တွေက ဝင်ရောက်တိုက်ခိုက်ခဲ့ကြပါတယ်။ ဒီတိုက်ခိုက်မှုကြောင့် နိုင်ငံတော်အစိုးရ

**စာမျက်နှာ ၄ သို့-**

'ဒီမိုကရေစီတန်ဖိုးတွေကို ပြုစုပျိုးထောင်နိုင်မယ်။ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးကို ထိန်းသိမ်းထားနိုင်မယ်ဆိုမှသာ ကျွန်မတို့ ပြည်သူအားလုံး တန်းတူညီမျှရရှိခံစားနိုင်မယ့် ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိနိုင်မှာဖြစ်ပါတယ်။'

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

စာမျက်နှာ ၃ မှ-



အနေနဲ့ ARSA နဲ့ အပေါင်းအပါတွေကို အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (င) အရ အကြမ်းဖက် အဖွဲ့အစည်းအဖြစ် ကြေညာခဲ့ပါတယ်။

ရခိုင်ပြည်နယ် အခြေအနေနဲ့ ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းမှာ စိုးရိမ်ပူပန်မှုတွေအများကြီးရှိနေပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ပြစ်တင်ဝေဖန်မှုတွေကို လျော့ပါးစေဖို့၊ တာဝန်ဝတ္တရားတွေကို ရှောင်လွှဲဖို့ ကြိုးစားတာမဟုတ်ပါဘူး။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဥပဒေနဲ့ဆန့်ကျင်တဲ့ အကြမ်းဖက်မှုတွေအားလုံးကို ကျွန်မတို့အနေနဲ့ ရှုတ်ချပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံး ပြန်လည်ငြိမ်းချမ်းဖို့၊ ပြန်လည်တည်ငြိမ်ဖို့၊ တရားဥပဒေ ပြန်လည်စိုးမိုးဖို့ သန္နိဋ္ဌာန် ချမှတ်ထားတဲ့အတိုင်း ကျွန်မတို့ဆောင်ရွက်နေပါတယ်။

လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ဖို့၊ ဘေးထွက်ဆိုးကျိုးတွေ မဖြစ်စေဖို့၊ အပြစ်မဲ့ပြည်သူတွေ ထိခိုက်မှုမရှိစေဖို့၊ စစ်ဆင်ရေးတွေ ဆောင်ရွက်ရာမှာ ကျင့်ဝတ်တွေကို တိတိကျကျလိုက်နာဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။

လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေမယ့်ဆောင်ရွက်ချက်တွေအားလုံးကို တရားဥပဒေအရ တိတိကျကျ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီပဋိပက္ခကြားထဲမှာ ရောက်ရှိနေပြီး ထိခိုက်ခံစားနေရသူအားလုံး အတွက် ကျွန်မတို့အထူးပဲစိတ်မကောင်းဖြစ်ရပါတယ်။ နေအိမ်တွေကို စွန့်ခွာတိမ်းရှောင်နေရသူတွေ အများကြီးရှိပါတယ်။ မွတ်စလင်နဲ့ ရခိုင်တိုင်းရင်းသားတွေတင်မက သူတို့တွေရှိနေတယ်ဆိုတာ ကမ္ဘာကြီးကလုံးဝမသိရှိကြသေးတဲ့ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီးတွေလို လူမျိုးစုငယ်လေးတွေ၊ ဟိန္ဒူဘာသာဝင်တွေဟာလည်း နေအိမ်တွေကို စွန့်ခွာတိမ်းရှောင်နေကြရတာ ဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့အဖွဲ့ဟာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ကစပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေဖြန့်ဝေပေးခဲ့ပါတယ်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်မှု အသေးစိတ်ကို ကျွန်မတို့သံတမန်တွေသိရှိအောင် ထုတ်ပြန်အသိပေးသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာကို ဩဂုတ်လ ၂၄ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒီအစီရင်ခံစာ ထုတ်ပြန်ခဲ့ပြီး နောက်တစ်နေ့မှာပဲတိုက်ခိုက်မှုတွေ စတင်ပြီးပေါ်ပေါက်လာခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ကော်မရှင်ရဲ့အကြံပြုချက်တွေကို အကောင်အထည်ဖော်သွားဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်။ အချိန်တိုတိုအတွင်း တိုးတက်ကောင်းမွန်အောင် အမြန်ဆုံးဆောင်ရွက်နိုင်မည့် အကြံပြုချက်တွေကို ဦးစားပေးအကောင်အထည်ဖော်သွားမှာဖြစ်ပြီး ကျန်တဲ့အချိန်ယူဖို့လိုတဲ့အကြံပြုချက်တွေကို နောက်ပိုင်းမှာ ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ဒါပေမဲ့ ရခိုင်ပြည်နယ်ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အကျိုးဖြစ်ထွန်းစေမယ့် အကြံပြုချက်မှန်သမျှကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစိုးရအနေနဲ့ အခြေအနေတွေကို ပုံမှန်အနေအထားပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ စက်တင်ဘာလ ၅ ရက်နေ့ကစပြီး ထိတွေ့တိုက်ခိုက်မှုတွေနဲ့ နယ်မြေရှင်းလင်းမှုတွေ မရှိတော့ပါဘူး။ ဒါပေမဲ့လည်း မွတ်စလင်အများအပြားဟာ နယ်စပ်ကိုဖြတ်ကျော်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ပြေးတိမ်းရှောင်နေကြတယ်လို့ သိရှိရပါတယ်။ ဘာကြောင့် ဒီလိုအစုလိုက်အပြုံလိုက် ထွက်ပြေးနေကြတယ်ဆိုတာကို ကျွန်မတို့ရှာဖွေရမှာဖြစ်ပါတယ်။ ထွက်ပြေးသွားသူတွေကို သူတို့ ဘာကြောင့်ထွက်ပြေးကြသလဲဆိုတာ မေးကြည့်ချင်သလို နေရပ်ကို မစွန့်ခွာဘဲကျန်ရစ်နေတဲ့သူတွေကိုလည်း ဘာဖြစ်လို့ဆက်နေကြတာလဲဆိုတာကို မေးမြန်းချင်ပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ မွတ်စလင်အများစုဟာ တစ်ဖက်ကိုထွက်မပြေးဘဲ ကျန်ရှိနေတယ်ဆိုတာကို လူတွေသိပ်မသိကြပါဘူး။ မွတ်စလင်ကျေးရွာတွေရဲ့ ငါးဆယ်ရာခိုင်နှုန်းကျော်ဟာ ဘယ်မှမပြေးဘဲရှိနေကြပါသေးတယ်။ ဘာဖြစ်လို့ ဒီလိုမျိုးနေရစ်ခဲ့ကြတယ်ဆိုတာကို ကျွန်မတို့ သိချင်ပါတယ်။

ဒီအချက်ဟာ ကျွန်မတို့ဆက်ပြီး ထည့်သွင်းစဉ်းစားရမယ့်အချက်ပဲဖြစ်ပါတယ်။ ပြဿနာဖြစ်နေတဲ့ တစ်နေရာတည်းကို မကြည့်ဘဲဘာပြဿနာမှမဖြစ်ဘဲ ရှိနေကြတဲ့နေရာတွေကိုလည်း ကြည့်မြင်တတ်ဖို့လိုပါတယ်။ ကျန်တဲ့နေရာတွေမှာတော့ ဘာဖြစ်လို့ပြဿနာတွေမဖြစ်အောင် ရှောင်ရှားနိုင်ကြရတာလဲ။ ဒါကြောင့် သံတမန်အသိုင်းအဝန်းအနေနဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ အသိုက်အဝန်းတွေနဲ့ သင့်မြတ်စွာပေါင်းစည်းနေထိုင်နိုင်ကြတဲ့ မွတ်စလင်တွေကို ကျွန်မတို့နဲ့အတူ လေ့လာကြည့်ဖို့ ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။

ကျွန်မတို့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို စိတ်ဝင်စားတယ်ဆိုရင် ကျွန်မတို့ကိုအသိပေးပါ။ ကျွန်မတို့အနေနဲ့ အဲဒီဒေသတွေကို သွားရောက်နိုင်ဖို့ စီစဉ်ပေးမှာဖြစ်ပြီး အဲဒီလူတွေကို ကိုယ်တိုင်မျက်မြင်တွေ့ဆုံပြီး အနီးအနားပတ်ဝန်းကျင်မှာ ဖရိုဖရဲကစဉ့်ကလျား ထွက်ပြေးနေကြချိန်မှာ သူတို့တွေက ဘာကြောင့် တည်တည်ငြိမ်ငြိမ် နေထိုင်နိုင်သလဲဆိုတာကို မေးမြန်းကြည့်ကြစေလိုပါတယ်။

ကျွန်မတို့ဟာ ပြည်သူတွေရဲ့ စိုးရိမ်ကြောက်ရွံ့မှုတွေ လျော့ပါးသက်သာအောင် ကြိုးပမ်းဆောင်ရွက်နေချိန်မှာ ရခိုင်ပြည်နယ်ရဲ့လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကြိုးပမ်းမှုတွေထဲကမှ အနည်းငယ်ကို ထုတ်နုတ်ပြီးပြောရမယ်ဆိုရင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး (၂၀၁၇-၂၀၂၁) စီမံကိန်းကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ ပုဂ္ဂလိက-အစိုးရ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကတစ်ဆင့် ဒေသခံပြည်သူအတွက် ရာနဲ့ချီတဲ့ အလုပ်အကိုင်တွေ၊ အခွင့်အလမ်းတွေ ဖန်တီးပေးခဲ့ပြီးဖြစ်ပါတယ်။ အလုပ်အကိုင်အသစ်တွေ၊ စီးပွားရေးလုပ်ငန်းသစ်တွေဖန်တီးပေးနိုင်မယ့် အထူးစီးပွားရေးဇုန်တစ်ခု ဖန်တီးဖော်ဆောင်ဖို့ ဖြစ်နိုင်ခြေဆန်းစစ်မှုတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဘက်မှာဆိုရင်လည်း လျှပ်စစ်မီးရရှိစေဖို့ တိုးချဲ့ဆောင်ရွက်ပြီးဖြစ်ပြီးဖြစ်ပါတယ်။ ယခင်က လှေနဲ့ပဲသွားရောက်နိုင်တဲ့ ဝေးလံခေါင်ဖျားဒေသတွေဆီ ကူးလူးဆက်သွယ်သွားရောက်နိုင်မယ့် အမြန်လမ်းမကြီးအပါအဝင် လမ်းအသစ်တွေ၊ တံတားအသစ်တွေ တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်

စာမျက်နှာ ၅ သို့-



**‘ပြဿနာဖြစ်နေတဲ့ တစ်နေရာတည်းကို မကြည့်ဘဲ ဘာပြဿနာမှမဖြစ်ဘဲ ရှိနေကြတဲ့နေရာတွေကိုလည်း ကြည့်မြင်တတ်ဖို့ လိုပါတယ်။’**

စာမျက်နှာ ၄ မှ-

မှာနေထိုင်ကြတဲ့ ပြည်သူတွေအားလုံးအတွက် ဘယ်လိုဖိနှိပ်ခွဲခြားမှုမှ မရှိစေဘဲ ပညာသင်ယူခွင့်နဲ့ ကျန်းမာရေးစောင့်ရှောက်ကုသခွင့်တွေ ရရှိနေပြီဖြစ်ပါတယ်။ ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက်မှုအဖြစ်သွားလာခက်ခဲတဲ့နေရာတွေကိုလည်း ရွေ့လျားဆေးခန်း (mobile clinic) တွေ တည်ထောင်ပေးထားပြီးဖြစ်ပါတယ်။ အစိုးရအနေနဲ့ ရခိုင်ပြည်နယ်ရှိ စာသင်ကျောင်းပေါင်း ၃၀၀ ကို အဆင့်မြှင့်တင်ပေးခဲ့ပြီး အသက်မွေးဝမ်းကျောင်းသင်တန်း၊ နည်းပညာသင်တန်းတို့ကိုလည်း စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ မွတ်စလင်ကျောင်းသားတွေကို မည်သည့်ခွဲခြားဖိနှိပ်မှုမျှမရှိဘဲ အဆင့်မြင့်ပညာ သင်ကြားခွင့်ရရှိနေပြီဖြစ်ပါတယ်။

မကြာသေးမီက တိုက်ခိုက်မှုဖြစ်ပွားမှုမတိုင်ခင် ဩဂုတ်လ ၂၅ ရက်က အဆိုပါဒေသရှိ အဖွဲ့အစည်းအားလုံးထံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများလည်း ပဋိပက္ခဖြစ်ပွားရာနေရာ ၉၅ ရာခိုင်နှုန်းအထိ ရောက်ရှိပြီးဖြစ်ပါတယ်။ ဒေသမှာ နေထိုင်နေသူအားလုံးကို စောင့်ရှောက်နိုင်ဖို့ရည်ရွယ်လျက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေးကြိုးပမ်းအားထုတ်မှုတွေကို ယနေ့ဆောင်ရွက်လျက်ရှိပါတယ်။

ဒီဒေသမှာရှိတဲ့ ပြည်သူများအားလုံးကို စောင့်ရှောက်ရန်အတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးရေး လုပ်ငန်းများကို ထပ်မံဆောင်ရွက်လျက်ရှိပါတယ်။ နေရပ်ဒေသစွန့်ခွာသူများနှင့်စပ်လျဉ်းပြီး အိမ်များဆောက်လုပ်ခြင်းအပါအဝင် အခြားလိုအပ်တဲ့ အကူအညီများ ပေးအပ်ခဲ့ပြီးနောက် စခန်းသုံးခုကို ပိတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီဒေသတွေမှာ ဆောင်ရွက်စရာတွေ အများကြီးရှိနေတယ်ဆိုတာကို သိပါတယ်။ အဲဒါတွေကိုလည်း ရင်ဆိုင်ဖြေရှင်းသွားမှာဖြစ်ပါတယ်။

နိုင်ငံသားစိစစ်မှုလုပ်ငန်းအတွက် လုပ်ငန်းစီမံချက်ချမှတ်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလုပ်ငန်းစဉ်ဟာ အသိုက်အဝန်းအားလုံးက ပူးပေါင်းဆောင်ရွက်မှုလိုအပ်တဲ့ကိစ္စဖြစ်ပါတယ်။ အချို့ မွတ်စလင်အသိုက်အဝန်းရဲ့ အကြီးအကဲတွေက ဒီလုပ်ငန်းစဉ်မှာ မပါဝင်ဖို့ တိုက်တွန်းပြောကြားတာတွေရှိပါတယ်။ ဒါ့ကြောင့် မိတ်ဆွေများအနေနဲ့သူတို့ကို ဒီလုပ်ငန်းစဉ်မှာ ပါဝင်လာအောင် တိုက်တွန်းပြောကြားစေလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလုပ်ငန်းစဉ်မှာ ပါဝင်လာခြင်းဖြင့် သူတို့မှာဆုံးရှုံးစရာ ဘာမှမရှိလို့ပါပဲ။ ဘာသာပေါင်းစုံအဖွဲ့တွေမှ တစ်ဆင့် လူ့အသိုက်အဝန်းတွေ အကြားသဟဇာတရှိရှိ နေထိုင်နိုင်ဖို့အတွက် ဆောင်ရွက်မှုများလည်း ပြုလုပ်နေပါတယ်။ ကျောင်းတွေမှာ စိတ်ပိုင်းဆိုင်ရာ ပြည်သူ့ရေးရာနဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ သဟဇာတဖြစ်မှုတို့ကို ပိုမိုနားလည်စေမယ့် သင်ရိုးညွှန်းတမ်းတွေကိုလည်း စတင်သင်ကြားပေးနေပြီဖြစ်ပါတယ်။

အလားတူပဲ FM Radio လိုင်းတစ်ခုထားပြီး ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံသားစိစစ်ရေးဆိုင်ရာ အချက်အလက်တွေ ထုတ်လွှင့်ပေးနေပါတယ်။ မြန်မာ၊ ရခိုင်နဲ့ဘင်္ဂါလီဘာသာစကားတွေနဲ့ ထုတ်လွှင့်နေတာဖြစ်ပါတယ်။

ရဲတပ်ဖွဲ့ဝင်များရဲ့ အရည်အချင်းနဲ့ အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းတွေကို EU, UN တို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကတည်းက ပြည်တွင်း/ပြည်ပမီဒီယာများဟာ အဲဒီဒေသတွေမှာသွားရောက်သတင်းယူမှုများ ပြုလုပ်နေကြပါတယ်။ အရင်က သွားခွင့်မရှိတဲ့ နေရာတွေကိုပါ သွားခိုင်းနေပါတယ်။

**‘နှစ်နိုင်ငံအကြားမှာရရှိခဲ့တဲ့ သဘောတူညီချက်တွေကိုမူတည်ပြီး ၁၉၉၃ ခုနှစ်ကတည်းက နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တစ်ခု ထူထောင်ထားပြီးဖြစ်ပါတယ်။ အဲဒီအပေါ် မူတည်ပြီး မြန်မာနိုင်ငံကို ပြန်လာချင်တဲ့ဒုက္ခသည်တွေကိုလက်ခံဖို့ ကျွန်မတို့ အဆင်သင့်ရှိပါတယ်။ အဲဒီအချိန်က သဘောတူညီထားတဲ့သတ်မှတ်ချက်များကို တိကျစွာလိုက်နာမှာဖြစ်ပါတယ်။’**



ဩဂုတ်လ ၂၅ ရက်နေ့ နောက်ပိုင်းမှာလည်း မီဒီယာအဖွဲ့တွေကို အဲဒီဒေသတွေကို သွားလာခွင့်ပြုထားပါတယ်။

တစ်ဖက်မှာလည်း အစိုးရအနေနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ထိတွေ့မှုများ ဆက်လက်ပြုလုပ်နေပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဒီနှစ်ဇန်နဝါရီလနဲ့ဇူလိုင်လတို့မှာ စေလွှတ်ခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးအနေနဲ့ မိမိတို့ဆီကို လာရောက်လည်ပတ်ဖို့ ရှိသော်လည်း သူ့ဘက်မှာ အခြားကိစ္စတွေပေါ်ပေါက်လာတဲ့အတွက် ခရီးစဉ်ကို ခေတ္တရွှေ့ဆိုင်းထားပါတယ်။ သူ့အနေနဲ့ အချိန်မရွေးလာရောက်နိုင်အောင် မိမိတို့ကစီစဉ်ထားပါတယ်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အနေနဲ့ နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ရှိပါတယ်။

မြန်မာဘက်ကနေ ဘင်္ဂလားဒေ့ရှ်ဘက် ထွက်ပြေးသွားတဲ့ဒုက္ခသည်တွေကို ပြန်လည်လက်ခံဖို့ တိုက်တွန်းပြောကြားထားတာ ရှိပါတယ်။ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံမှာ အမှန်တကယ် နေထိုင်ခဲ့ကြောင်း စိစစ်မှုလုပ်ငန်းစဉ် (Verification Process) ကို အချိန်မရွေး စတင်နိုင်ဖို့အတွက် ကျွန်မတို့ပြင်ဆင်ထားပါတယ်။ နှစ်နိုင်ငံအကြားမှာရရှိခဲ့တဲ့ သဘောတူညီချက်တွေကို မူတည်ပြီး ၁၉၉၃ ခုနှစ်ကတည်းက နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တစ်ခု ထူထောင်ထားပြီးဖြစ်ပါတယ်။ အဲဒီအပေါ် မူတည်ပြီး မြန်မာနိုင်ငံကို ပြန်လာချင်တဲ့ ဒုက္ခသည်တွေကိုလက်ခံဖို့ ကျွန်မတို့ အဆင်သင့်ရှိပါတယ်။ အဲဒီအချိန်က သဘောတူညီထားတဲ့ သတ်မှတ်ချက်များကို တိကျစွာလိုက်နာမှာဖြစ်ပါတယ်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြောကြားထားတဲ့အတိုင်း ကျွန်မတို့အနေနဲ့အဆိုပါ အချက်အလက်တွေနဲ့ ကိုက်ညီတဲ့ မြန်မာနိုင်ငံမှဒုက္ခသည်လို့ ဆန်းစစ်အတည်ပြုနိုင်တဲ့ သူတွေအားလုံးကို ပြန်လည်လက်ခံဖို့ အသင့်ရှိပါတယ်။ လုံခြုံရေးနဲ့ လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တွေ လက်ခံရရှိနိုင်ရေးအတွက်လည်း အာမခံပါတယ်။

မိတ်ဆွေတွေအနေနဲ့ ကျေးရွာတွေမှာရှိတဲ့အိမ်တွေ မီးရှို့ဖျက်ဆီးခံရမှုနဲ့ဒုက္ခသည်များ အလုံးအရင်းနဲ့ ထွက်ပြေးတိမ်းရှောင်နေရတဲ့ သတင်းတွေကြောင့် စိုးရိမ်မှုတွေဖြစ်နေတယ်ဆိုတာကို ကျွန်မနားလည်ပါတယ်။ ဒါပေမဲ့ ကျွန်မပြောခဲ့သလို စက်တင်ဘာလ ၅ ရက်နေ့ကတည်းက တိုက်ခိုက်မှုတွေနဲ့ နယ်မြေရှင်းလင်းမှုတွေ မရှိတော့ပါဘူး။ ကျွန်မတို့အနေနဲ့လည်း တကယ်တမ်းပြဿနာအရင်းအမြစ်ကို သိချင်ပါတယ်။ အဲဒါတွေနဲ့ ပတ်သက်လို့ စွပ်စွဲမှုတွေနဲ့ တန်ပြန်စွပ်စွဲမှုတွေ ရှိနေပါတယ်။ ဒါတွေအားလုံးကို နားထောင်ဖို့လိုပါတယ်။ အရေးယူမှုတွေ မပြုလုပ်ခင် အဲဒီစွပ်စွဲမှုတွေမှာ ခိုင်မာတဲ့အကြောင်းအရာတွေရှိဖို့ လိုပါတယ်။ အရေးယူမှုတွေ ပြုလုပ်တဲ့အခါ ဘာသာ၊ လူမျိုး၊ ရာထူးစတာတွေကို ငဲ့ညှာမှာမဟုတ်ဘဲ ဒီမြေရဲ့ဥပဒေကို ဆန့်ကျင်သူများ၊ လူ့အခွင့်အရေးချိုးဖောက်သူများကို အရေးယူသွားမှာဖြစ်ပါတယ်။

လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် ဘယ်တုန်းကမှ သက်ညှာမှုမရှိခဲ့ပါဘူး။ ကျွန်မတို့အစိုးရဟာ လူ့အခွင့်အရေးကို ကာကွယ်ရေးအတွက် ပေါ်ပေါက်လာတဲ့အစိုးရအဖွဲ့ဖြစ်ပါတယ်။ အသိုက်အဝန်းတစ်ခုတည်းအတွက်မဟုတ်ဘဲ နိုင်ငံနယ်နိမိတ်အတွင်းမှာ နေထိုင်တဲ့လူများအားလုံးရဲ့ လူ့အခွင့်အရေးကို ကာကွယ်ပေးဖို့ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာရှိတဲ့ ပြဿနာတွေကို အာရုံစိုက်ဖြေရှင်းနေသလို ကျွန်မတို့အတွက် နိုင်ငံရဲ့အနောက်ပိုင်းမှာရှိတဲ့ ပြဿနာလိုပဲ အရေးကြီးတဲ့ပြဿနာတွေ ရှိနေပါသေးတယ်။

ကျွန်မတို့အနေနဲ့ ပြည်တွင်းပဋိပက္ခတွေချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အဲဒီငြိမ်းချမ်းရေးဟာ ရေရှည်တည်တံ့ပြီး သာတူညီမျှတစ်ပြေးညီ အကျိုးဖြစ်ထွန်းစေမယ့် ဖွံ့ဖြိုးရေးကို အကျိုးပြုရမှာဖြစ်ပါတယ်။ အဲဒီငြိမ်းချမ်းရေးဆောင်ရွက်မှုမှာ ပါဝင်ဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်လိုပါတယ်။ ကျွန်မတို့နိုင်ငံအနေနဲ့ နှစ်ပေါင်းများစွာရင်ဆိုင်နေရတဲ့ ပြဿနာတွေကိုဖြေရှင်းနိုင်မယ့် နည်းလမ်းတွေရှာဖွေဖို့အတွက် ကျွန်မတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်ပါတယ်။

ပြီးခဲ့တဲ့နှစ်က စတင်ဆောင်ရွက်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ဆက်လက်ဆောင်ရွက်နေပါတယ်။ ဒါပေမဲ့ အခက်အခဲတချို့လည်း ရှိနေပါတယ်။ ကျွန်မအနေနဲ့ မအံ့ဩပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာပေါ်မှာရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တွေ့နေကျအချက်တွေပဲဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ ရပ်တန့်နေတာ၊ ရှေ့တိုးမရ/နောက်ဆုတ်မရဖြစ်နေတာ၊ တစ်ခါတစ်ရံမှာ အားလုံးတစ်စစီ ပြိုကွဲပျက်စီးသွားတာမျိုးတွေ တွေ့ရမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့တော့ အားလုံးကိုကျော်လွှားနိုင်ပြီး ရှေ့ကိုဆက်

**စာမျက်နှာ ၆ သို့-**

**စာမျက်နှာ ၅ မှ-**

လက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အားလုံးဟာ စစ်ကိုမုန်းတီးနေပြီး ငြိမ်းချမ်းမှုကို လိုချင်ကြပါတယ်။ ကျွန်မတို့ ပဋိပက္ခတွေမလိုလားဘူး။ သဟဇာတရှိရှိ နေထိုင်သွားဖို့ကို လိုလားလို့ပဲဖြစ်ပါတယ်။ ဒါဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေအားလုံး လိုလားတဲ့၊ မျှော်မှန်းတဲ့အချက်ပဲဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုရှိရေး၊ သဟဇာတရှိရှိနေထိုင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာဟာ ကြီးကျယ်ခမ်းနားတဲ့ အာဂျင်ဒါမဟုတ်ပေမယ့် လွယ်ကူတဲ့အရာတော့ မဟုတ်ပါဘူး။

ကျွန်မတို့နိုင်ငံရဲ့ အခက်အခဲတွေကိုကျော်လွှားနိုင်ဖို့ ရှေ့ဆက်ဆောင်ရွက်ရာမှာ ကျွန်မတို့ရဲ့မိတ်ဆွေများအနေနဲ့ ကျွန်မတို့ကို နားလည်သဘောပေါက်ပြီး ကျွန်မတို့နဲ့ လက်တွဲဆောင်ရွက်ပါလို့ ပြောကြားလိုပါတယ်။ ကျွန်မတို့အတွက် အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုများနဲ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနဲ့သဟဇာတရှိမှုကို ရရှိနိုင်မယ့်နည်းလမ်းသစ်တွေကို ရှာဖွေရာမှာ ပါဝင်ဖို့တိုက်တွန်းလိုပါတယ်။

တစ်နိုင်ငံလုံးအတွက် စဉ်းစားစေချင်ပါတယ်။ နေရာဒေသတစ်ခုတည်းကိုကွက်ပြီး စဉ်းစားတာမျိုး မဖြစ်စေချင်ပါဘူး။ တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်မှသာ တိုးတက်မှုကို ရရှိမှာဖြစ်ပါတယ်။

ကျန်းမာတဲ့ လူတစ်ယောက်အနေနဲ့ တင်စားလိုပါတယ်။ နာမကျန်းဖြစ်တဲ့ နေရာတစ်ခုတည်းကို ကုစားဖို့အတွက် အထွေထွေကျန်းမာရေးအခြေအနေတွေကို လျစ်လျူရှုထားလို့မရပါဘူး။

ကျန်းမာရေးကို တင်စားရတာကတော့ ကျန်းမာရေးကဏ္ဍဟာ ကျွန်မတို့အစိုးရတာဝန်ယူပြီးတဲ့အချိန်ကစပြီး ယနေ့အထိ အထူးအောင်မြင်မှုရရှိနေတဲ့ ကဏ္ဍဖြစ်လို့ပါပဲ။ လူထုကျန်းမာရေးကို အာရုံစိုက်ဆောင်ရွက်နေရင်းနဲ့ အခြားသောကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်တယ်ဆိုတာကို သိလာရပါတယ်။

ဥပမာအားဖြင့် တစ်နှစ်အတွင်းမှာ အိတ်ချ်အိုင်ဗွီကြောင့် သေဆုံးနှုန်းကို တစ်ဝက်လျှော့ချနိုင်ခဲ့ပါတယ်။ အဲဒီလိုလျှော့ချနိုင်တာဟာ အိတ်ချ်အိုင်ဗွီရောဂါတစ်ခုတည်းကို အာရုံစိုက်ကုစားလို့မဟုတ်ဘဲ လူထုကျန်းမာရေးတစ်ခုလုံးကို ရှေးရှုဆောင်ရွက်ခဲ့လို့ဖြစ်ပါတယ်။

အဲဒီ ဥပမာလိုပါပဲ။ ကျွန်မတို့နိုင်ငံကို တစ်နိုင်ငံလုံးအနေအထားကို ခြုံငုံစဉ်းစားစေလိုပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ဒီမိုကရေစီဖြစ်စဉ်ဟာ နုနယ်ပြီး ထိလွယ်ခိုက်လွယ်တဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီအပြင် အခက်အခဲများစွာကိုလည်း ရင်ဆိုင်ဖြေရှင်းနေရပါတယ်။ ဒါပေမဲ့ ကျွန်မတို့အနေနဲ့ ခန္ဓာကိုယ်တစ်ခုလုံးကျန်းမာဖို့အတွက် ဂရုစိုက်ဆောင်ရွက်သလိုပဲ ပြဿနာတချို့သာမက အဲဒီအခြေအနေတွေအားလုံးကို ကိုင်တွယ်ဖြေရှင်းရမှာဖြစ်ပါတယ်။

ဒါကြောင့် ပိုပြီးတော့ ဆန်းသစ်တဲ့၊ ပိုမိုရဲရင့်တဲ့ နည်းလမ်းသစ်တွေ၊ အဖြေတွေကိုရှာဖွေရာမှာ လက်တွဲဆောင်ရွက်ဖို့ ဖိတ်ကြားလိုပါတယ်။ ပြဿနာတွေကို မြန်မြန်ဆန်ဆန် မဖြေရှင်းနိုင်သေးရင် အဲဒီပြဿနာတွေကို ဘယ်တော့မှဖြေရှင်းနိုင်မှာ မဟုတ်ဘူးလို့ ပြောတာမဟုတ်ပါဘူး။ ကျွန်မတို့ ပြည်သူတွေရဲ့ခံစားနေရတာတွေ ပိုပြီးကြာရှည်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေ ခံစားရတာတွေကို အမြန်ဆုံးကျော်လွှန်သွားဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ နိုင်ငံအတွင်း၊ နိုင်ငံရဲ့နယ်နိမိတ်အတွင်း နေထိုင်သူတွေအားလုံး လုံခြုံအေးချမ်းသာယာဝပြောစွာနေနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်ဟာ ကြီးမားတဲ့မျှော်မှန်းချက်ဖြစ်ပါတယ်။ ဒါပေမဲ့ အောင်မြင်အောင်ဆောင်ရွက်ရာမှာ မဖြစ်နိုင်တဲ့ မျှော်မှန်းချက်တော့မဟုတ်ပါဘူး။

ကျွန်မတို့အားလုံး လက်တွဲဆောင်ရွက်ရမှာဖြစ်ပြီးတော့ အစိုးရအပါအဝင် ဒီနိုင်ငံအတွင်းမှာရှိတဲ့ လူတစ်ဦးချင်းစီမှာ ဒီတာဝန်ရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့မိတ်ဆွေတွေကို ကျွန်မတို့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှာ ပါဝင်ကူညီဖို့ ဖိတ်ကြားလိုပါတယ်။ ပြဿနာတွေရှိတဲ့ကြားထဲက အဲဒီပြဿနာတွေကိုဖြေရှင်းပြီး ကျန်းမာတဲ့၊ သန်မာတဲ့၊ ရှေ့အနာဂတ်ကိုမျှော်မှန်းချက်များနဲ့အညီ လုံခြုံတဲ့အနာဂတ်ဆီကို လျှောက်လှမ်းနိုင်မယ့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်သွားတဲ့ နေရာမှာ ပါဝင်ဖို့ဖိတ်ကြားလိုပါတယ်။

ကျွန်မအနေနဲ့ သံတမန်အသိုင်းအဝိုင်းနဲ့ အခုလိုတွေ့ဆုံတဲ့အခါမှာ ကိစ္စတစ်ခုလောက်သာ မီးမောင်းထိုးပြရတာကို အားမရပါဘူး။ ဒါကြောင့် ကျွန်မတိုက်တွန်းလိုတာက ကျွန်မတို့ကို မိတ်ဆွေတို့ရဲ့အမြင်ကိုပြောပါ။ ဆွေးနွေးပါ။ ကျွန်မတို့နဲ့အတူ ပြဿနာဖြစ်နေတဲ့ထဲက နေရာကို လုံခြုံစိတ်ချရတဲ့နေရာကို လိုက်ကြည့်ပါ။ ကိုယ်တိုင်ဘာတွေဖြစ်နေတယ်ဆိုတာကို ကိုယ်တိုင်လေ့လာပါ။ ပြီးတော့ဒီပြဿနာများကို ဘယ်လိုဖြေရှင်းနိုင်မလဲဆိုတာကို စဉ်းစားကြည့်ပါ။

အဲဒီနေရာမှာ တိုက်တွန်းလိုတာက ဒီလိုပြဿနာရှိနေတဲ့ဒေသမှာတောင် အချို့လူတွေဟာ တစ်ဦးနဲ့တစ်ဦးရန်လိုမှုမရှိဘဲ သဟဇာတနေနိုင်ကြတယ်။ ဘာကြောင့် အဲဒီလိုနေနိုင်သလဲဆိုတာကို သုံးသပ်ပါ။ အဲလိုလေ့လာသုံးသပ်မှုကနေ ကျွန်မတို့လိုချင်တဲ့အဖြေကို ရရှိလာပါလိမ့်မယ်။

အဲဒီလိုလုပ်တာဟာ မကောင်းတဲ့အခြေအနေကို ဖယ်ရှားလိုက်တာတစ်ခုတည်းမဟုတ်ဘဲ အပြုသဘောဆောင်တဲ့ အနေအထားတွေကို မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ အပျက်သဘောကို ဖယ်ရှားပြီးအပြုသဘောကို မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်ဖို့အတွက် ကျွန်မတို့အနေနဲ့ မိတ်ဆွေတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်သွားလိုပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးအနေနဲ့ လူသားချင်းစာနာမှု၊ အထောက်အပံ့ပေးမှု အစီအစဉ်ကို ခေါင်းဆောင်ပြီး ဆောင်ရွက်နေပါတယ်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့အနေနဲ့ ပူးပေါင်းပါဝင်နေတဲ့အတွက် ဝမ်းသာပါတယ်။ အခြားပါဝင်လိုသူတွေကိုလည်း ကြိုဆိုပါတယ်။

ငွေအား၊ လူအား၊ ပစ္စည်းအားနဲ့ ပါဝင်လှူဒါန်းမှုတွေ အများကြီးရရှိနေပါတယ်။ ကျွန်မတို့အနေနဲ့ အဲဒီလှူဒါန်းမှု၊ ကူညီမှုများအားလုံးကို ရခိုင်ပြည်နယ်မှာရှိတဲ့ အသိုက်အဝန်းအားလုံးအတွက် အကောင်းဆုံးနဲ့အကျိုးအရှိဆုံး အသုံးချသွားနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံကို ဘာသာရေး၊ လူမျိုးရေးနဲ့နိုင်ငံရေးယုံကြည်မှုတွေကြောင့် အကွဲကွဲအပြားပြားဖြစ်နေတဲ့ နိုင်ငံတစ်နိုင်ငံမဖြစ်စေလိုပါဘူး။ ကျွန်မတို့အနေနဲ့ မတူကွဲပြားမှုများကို အခြေပြုတဲ့အခွင့်အရေးများကို ခံစားခွင့်၊ ဘဝကိုမိမိယုံကြည်မှုနဲ့ လျှောက်လှမ်းခွင့်ရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဟာအတူတကွပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ နိုင်ငံတစ်နိုင်ငံထဲမှာ နေထိုင်ကြလို့ဖြစ်ပါတယ်။

ကျွန်မတို့ဟာ နိုင်ငံတစ်နိုင်ငံနဲ့ သက်ဆိုင်ရင် ဒီကမ္ဘာနဲ့လည်း သက်ဆိုင်ပါတယ်။ အဲဒီအချက်ကြောင့်ပဲ ကျွန်မတို့ဟာ ကုလသမဂ္ဂရဲ့အခန်းကဏ္ဍကို နိုင်ငံများစုဝေးရာအဖြစ် ယုံကြည်လက်ခံပြီး ငြိမ်းချမ်းမှုနဲ့သဟဇာတရှိမှုကို မြှင့်တင်နိုင်အောင်တည်ထောင်ခဲ့ကြတာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ခံစားခဲ့ရမှုမျိုးတွေ ထပ်မံမဖြစ်ပေါ်လာအောင်အတွက် ဖွဲ့စည်းခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ကုလသမဂ္ဂကို တည်ထောင်မှုဟာ စစ်ပွဲတွေနဲ့ပဋိပက္ခတွေကို ချုပ်ငြိမ်းဖို့အတွက် တည်ထောင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မတို့ဒီနေ့တွေ့ဆုံမှုဟာ ထိရောက်တဲ့၊ ခိုင်မာတဲ့လုပ်ရှားမှုတစ်ရပ်ရဲ့အစလို့ ကျွန်မယူဆပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပဋိပက္ခတွေအားလုံး အဆုံးသတ်နိုင်ဖို့အတွက်လို့မြင်ပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ အသိုက်အဝန်းများအကြား၊ ပြည်သူများအကြား၊ ရှေ့ကိုဘယ်လိုဆက်လျှောက်မလဲဆိုတဲ့အပေါ် အမြင်အယူအဆ မတူညီမှုများအကြား ဖြစ်ပေါ်နေတဲ့ပဋိပက္ခတွေကို အဆုံးသတ်ဖို့လို့ မျှော်လင့်ပါတယ်။

အမြင်အယူအဆ မတူညီမှုများအကြား ဖြစ်ပေါ်နေတဲ့ပဋိပက္ခကတော့ အမြင်ကျယ်ကျယ်နဲ့အချင်းချင်း ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားနိုင်ပါတယ်။ မေတ္တာထားရှိခြင်းနဲ့ ရဲရင့်မှုဟာ အခြားသူတို့ရဲ့စိတ်ထားကို မြင်တွေ့နိုင်သလို ယင်းကိုအခြေခံ၍ အခြားသူများကလည်း မိမိတို့ရဲ့စိတ်ထားကို သိရှိနိုင်ပါတယ်။

စကားလုံးတွေ၊ ခံစားချက်တွေ၊ လက်နက်တွေနဲ့ အချင်းချင်းတိုက်ခိုက်နေခြင်းအားဖြင့် ပြဿနာများကို ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။ အကူအညီလည်း ပြုမှာမဟုတ်ပါဘူး။ မုန်းတီးမှုနဲ့ကြောက်ရွံ့မှုဟာ ကမ္ဘာပေါ်မှာ ပြဿနာများရဲ့ အကြောင်းအရင်းဖြစ်ပါတယ်။ စစ်ပွဲတွေ၊ ပဋိပက္ခတွေဟာ မုန်းတီးမှုနဲ့ ကြောက်ရွံ့မှုများကနေ ပေါက်ဖွားလာတာဖြစ်ပါတယ်။ မုန်းတီးမှုနဲ့ကြောက်ရွံ့မှုတွေကို ဖယ်ရှားနိုင်မှသာ စစ်ပွဲတွေ၊ ပဋိပက္ခတွေကို အဆုံးသတ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံကရော၊ ကမ္ဘာပေါ်ကရောဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း လတ်တလောအခြေအနေမှာစွပ်စွဲမှုတွေနဲ့ တန်ပြန်စွပ်စွဲမှုတွေ ဖြစ်နေပါတယ်။ ကျွန်မအနေနဲ့ ဘယ်ဘက်ကိုမှ လိုက်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မယုံကြည်တာက တစ်ဦးနဲ့တစ်ဦး နားလည်မှုနဲ့သဟဇာတရှိမှုကို မြှင့်တင်ပေးဖို့အတွက် ဖြစ်လို့ပါပဲ။

မိတ်ဆွေတို့အနေနဲ့ နားလည်နိုင်မယ်။ ကျွန်မတို့နဲ့လက်တွဲဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မပြောခဲ့သလို ယခုအခမ်းအနားဟာ သံတမန်အသိုင်းအဝိုင်းကို ကျွန်မတို့ ဘာတွေကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကို သိရှိအောင်ပြောကြားဖို့အတွက်ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ သံတမန်တွေကို ရှင်းလင်းပြောကြားမှုထက် ပိုပါတယ်။

မြန်မာနိုင်ငံအပေါ် စေတနာထားတဲ့သူတွေကို ရင်းရင်းနှီးနှီး ဖိတ်ခေါ်တာဖြစ်ပါတယ်။ ကျွန်မတို့ ရည်ရွယ်ချက်တွေအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြဖို့ ဖိတ်ခေါ်ခြင်းဖြစ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ခြင်းဟာ ကျွန်မတို့နိုင်ငံတစ်နိုင်ငံတည်းအတွက်သာမဟုတ်ဘဲ ကမ္ဘာပေါ်မှာ အလားတူရင်ဆိုင်နေရတဲ့ နိုင်ငံတွေအတွက်လည်း ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်မယ်ဆိုတာကို အားလုံးကသဘောတူလက်ခံလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်း/ဓာတ်ပုံ - သတင်းစဉ်**

# 'အား' ရှိဖို့ လိုသည်

မိချမ်းမြေ့

ကျွန်မတို့ရုံးမှာ တနင်္လာနေ့နဲ့ သောကြာနေ့တိုင်း မနက် ၉ နာရီခွဲ အချိန်ဆို ဝန်ထမ်းတွေစုရပ်မှာ တန်းစီ၊ နိုင်ငံတော်အလံနဲ့ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးတွေကို အလေးပြုကြတဲ့ အစဉ်အလာရှိပါသည်။ တန်းစီသည့်နေ့ဆိုလျှင် အရေးကြီးတာဝန် ထမ်းဆောင်နေရသူ၊ နာမကျန်းသူ၊ ရုံးစောင့်မှအပ ဝန်ထမ်းအားလုံး တန်းစီကြရသည်။

'တန်းစီတယ်ဆိုတာ ဝန်ထမ်းတွေကို 'ကျပ်' တာမဟုတ်ပါဘူး။ တစ်ပတ်မှာနှစ်ရက်တည်း တန်းစီတဲ့အခါမှာ တန်းမစီမနေရလို့လည်း အတင်းအကျပ်လုပ်တာ မရှိပါဘူး။ တန်းစီတယ်၊ နိုင်ငံတော်အလံနဲ့ ကျဆုံးခဲ့ပြီးတဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေကို အလေးပြုတယ်ဆိုတာက နိုင်ငံ့လွတ်လပ်ရေး အသက်ပေးကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ခေါင်းဆောင်များရဲ့ကျေးဇူးသစ္စာကို အမှတ်ရစေဖို့၊ တစ်နေ့တာထမ်းဆောင်ရမယ့် ကိုယ့်တာဝန်ကို နိုင်ငံတော်အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျေကျေပွန်ပွန် သစ္စာရှိရှိ ထမ်းဆောင်နိုင်ကြစေဖို့ ဖြစ်ပါတယ်။ ဒ့ါအပြင် အခုလိုဝန်ထမ်းအားလုံး တန်းစီစုစည်းမိတဲ့အချိန်မှာ တာဝန်ရှိသူတွေက ဝန်ထမ်းတွေသိသင့်သိထိုက်တာတွေ၊ ဆောင်ရန်၊ ရှောင်ရန်တွေကို မှာကြားနိုင်သလို ဝန်ထမ်းတွေရဲ့ အခက်အခဲတင်ပြချက်တွေကိုလည်း ချက်ချင်းလက်ငင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါတယ်။ စုစုစည်းစည်းတန်းစီကြတော့ ဌာနခွဲအသီးသီးက ဝန်ထမ်းအချင်းချင်း မြင်တွေ့ခွင့်ရတယ်။ ချစ်ခင်ရင်းနှီးမှုရတယ်။ အဲဒ့ီကမှတစ်ဆင့် မမြင်ရတဲ့ စည်းလုံးမှုအားတွေကို ဖြစ်စေပါတယ်။'

တန်းစီချိန်မှာ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည့်စကားပါ။ ကျွန်မကတော့ အဲဒ့ီစကားကြားနာရပြီးကတည်းက တစ်ရက်မှမပျက်ကွက်တော့ပါဘူး။

ဒီနေ့ သောကြာနေ့မနက်တန်းစီချိန်မှာတော့ တာဝန်ရှိသူက ရခိုင်ပြည်နယ်ဘက်မှာဖြစ်ပွားခဲ့သည့် အစွန်းရောက်အကြမ်းဖက်မှုအခြေအနေတွေနဲ့ လုံခြုံရေးဆိုင်ရာတွေကို အချိန်တော်တော်ကြာအောင် မှာကြားပါသည်။



တန်းစီတန်းဖြုတ်ပြီး၍ အပြန်ကျွန်မရုံးခန်းရောက်တော့ ရုံးထဲက စားပွဲလွတ်ပေါ်မှာ လက်ဖက်ရည်ဝိုင်းပြင်ထားတာတွေ့လိုက်ရသဖြင့် စပ်စုမိလိုက်ပါသည်။ လက်ဖက်ရည်ဝိုင်းဒကာက မောင်မျိုးပါ။ မောင်မျိုးဆိုတာက ကျွန်မတို့ရုံးက အကြီးတန်းစာရေး။ ကျွန်မနှင့်ဝန်ထမ်းအိမ်ရာအတူတူပါ။ လွန်ခဲ့သည့်သုံးလလောက်က သူ့ရဲ့ဆိုင်ကယ်လေး အခိုးခံလိုက်ရတာ အခုပြန်ရလို့ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ လက်ဖက်ရည်တိုက်တာပါတဲ့။

'ဩော်. . . ဝန်ထမ်းတွေဆိုတာ မိသားစုဝင်တွေလိုပါလား။ သူ့ဆိုင်ကယ်လေး အခိုးခံလိုက်ရတဲ့ အချိန်တုန်းကလည်း မောင်မျိုးနှင့်အတူ တစ်ရုံးလုံးက ဝိုင်းပြီးစာနာသနားကြ၊ ခုလည်း ဆိုင်ကယ်လေးပြန်ရပြီဆိုတော့ ဝမ်းသာကြ။' လက်ဖက်ရည်မသောက်ခင် ကျွန်မစိတ်ထဲအဲဒ့ီအတွေးလေးရောက်လာတော့ ရင်ထဲမှာ အမျိုးအမည်မသိတဲ့ခံစားမှု ခံစားလိုက်ရပါသည်။

တကယ်တော့လည်း ဝန်ထမ်းတွေဆိုတာ ကိုယ့်မိသားစုထက်တောင် ပိုခင်၊ ပိုသံယောဇဉ်ဖြစ်ကြရသူတွေပါ။ ကိုယ့်မိသားစုကမှ ရုံးချိန်နောက်ပိုင်းနဲ့ ရုံးပိတ်ရက်တွေမှာသာ ထိတွေ့ခွင့်ရပြီး ဝန်ထမ်းအချင်းချင်းကတော့ တစ်ပတ်မှာငါးရက် မနက် ၉ နာရီကနေ ညနေ ၄ နာရီခွဲအထိ လုပ်ငန်းခွင်မှာ အချိန်ကြာကြာထိတွေ့ခွင့်ရကြသူတွေပါ။ ထမင်းအတူတူစား၊ သူ့အကြောင်း၊ ကိုယ့်အကြောင်းပြောနဲ့ သံယောဇဉ်ပိုကြရသူတွေပဲ မဟုတ်ပါလားရှင်။

မောင်မျိုးညှော်ခံသည့် လက်ဖက်ရည်ဝိုင်းမှာတော့ လူစုံကြပါသည်။ ရုံးအလုပ်လည်း လုပ်ကြရဦးမှာဖြစ်၍ သိပ်အချိန်မဖြုန်းကြဘဲ ကိုယ်စီကိုယ်စီ ကိုယ့်အလုပ်စားပွဲလေးတွေမှာ ပြန်ထိုင်၊ လုပ်စရာရှိတာလေးတွေ လုပ်နေကြပါသည်။ လက်ဖက်ရည်ဝိုင်းမှာတော့ မောင်မျိုး၊ စာပို့သမားလေး မြတ်မင်းနှင့်လုံခြုံရေးမှူး ဆရာကြီးဘမောင်တို့က စကားကောင်းနေဆဲဖြစ်ပါသည်။

'ဆရာကြီးကိုလည်း ကျေးဇူးတင်ပါတယ်ဗျ။ ဆရာကြီးရဲ့အသိအကျွမ်းတွေနဲ့ ချိတ်ဆက်ပေးလို့ခုလို မြန်မြန်ပြန်ရတာနေမှာပါ။'

မောင်မျိုးက သူ့ဆိုင်ကယ်လေးပျောက်တုန်းက အစအဆုံးနီးပါး လိုက်ပါကူညီပေးသည့် လုံခြုံရေးမှူး ဆရာကြီးဘမောင်ကို ကျေးဇူးတင်စကားဆိုနေတာကို ကျွန်မကြားနေရသည်။ ဆရာကြီးဘမောင်က တပ်မတော်မှ ဆေးအဆင့်နိမ့်ဖြင့် ကျွန်မတို့ဌာနကိုပြောင်းလာခြင်းဖြစ်၍ တစ်ချိန်က သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေ ဌာနပေါင်းစုံမှာရှိနေတာကြောင့် ယခုလိုအဆင်ပြေသွားတာလည်း ဖြစ်နိုင်ပါသည်။

'ဒါလည်း ဒါပေ့ါ။ ဒါပေမယ့် ရဲကလည်း သူ့အလုပ်သူ တာဝန်ကျေတာပဲလေကွာ။ ကဲ . . . ဘယ့်နှယ့်လဲ မြတ်မင်း။ ရဲတွေက အလုပ်လုပ်ပါတယ်ကွ။'

ဆရာကြီးဘမောင်က စာပို့သမားလေးမြတ်မင်းကို စကားနာထိုးသည်။ မောင်မျိုးဆိုင်ကယ်ပျောက်စဉ်အချိန်က လုံခြုံရေးတွေအားကိုးမရဆိုပြီး မောင်မြတ်မင်းက ကရုဏာဒေါသောဖြင့် ရင်ဖွင့်ခဲ့ဖူးသည်။

'ဟာ ဆရာကြီးကလည်း အဲဒါတွေပြီးခဲ့ပြီ။ ခုမှ ဆရာကြီးပြောသလို လုံခြုံရေးက တကယ်အရေးကြီးနေပြီဗျ။'

မနက်ခင်းတန်းစီချိန်မှာ တာဝန်ရှိသူပြောခဲ့သည့် ရခိုင်ပြည်နယ်က ဖြစ်စဉ်များကို ကြားသိခဲ့၍ မောင်မြတ်မင်းက သံယောင်လိုက်ပြောခြင်းဖြစ်မည်။

'ရခိုင်မှာ ကျွန်တော့်အမျိုးတွေရှိတယ်ဗျ။ သူတို့နဲ့ဖုန်းပြောရလို့ အဲဒ့ီဘက် တော်တော်ဆိုးတယ်ဆိုပဲ။ Facebook မှာလည်း ကျွန်တော်ကြည့်ရတယ်။'

အကြီးတန်းစာရေး မောင်မျိုးကလည်း ရခိုင်ပြည်နယ်ကကိစ္စ သူကြားသိရတာတွေကို ဝင်ပြောသည်။

'အေး. . . ငါတပ်ထဲရှိတုန်းက အဲဒ့ီဘက်တွေမှာ တာဝန်ကျဖူးတယ်။ အေးအေးဆေးဆေး သာသာယာယာရှိတဲ့ဒေသက အခုလိုဖြစ်ရပ်တွေဖြစ်လာတာ တော်တော်ဆိုးတယ်ကွ။ ဆိုးဆို ခုဖြစ်ရပ်တွေက ကမ္ဘာသိတောင်ဖြစ်ကုန်ပြီ။'

'ဗျာ . . . လုပ်ပါဦးဆရာကြီးရ။ ဆရာကြီးက ဗဟုသုတစုံတော့ မျှဝေပါဦး' မောင်မြတ်မင်းက သူ့ဝသီအတိုင်း လေသံပစ်သည်။

'ဒီတစ်ခါတော့ မြတ်မင်းရေ. . မင်းကိုတစ်ချိန်က ငါပြောခဲ့ဖူးတဲ့ လုံခြုံရေးအခြေအနေထက် ပိုပြီးဂရုစိုက်ရမယ့်အချိန်ပဲကွ။ မင်းတို့ငါတို့ လုံးဝပေ့ါဆလို့မရတဲ့ အခြေအနေ။ နိုင်ငံတော်ကတောင် လုံခြုံရေးသတိပြုဖို့ နှိုးဆော်နေရတဲ့အချိန်ဖြစ်နေပြီကွ။ မင်း သတင်းစာမဖတ်ဘူးလား။ တီဗွီကောကြည့်ဖြစ်လား။ ဖတ်မယ့်၊ ကြည့်မယ့်ရုပ်လည်း မဟုတ်ပါဘူး။

**စာမျက်နှာ ၈ သို့-**



စာမျက်နှာ ၇ မှ-

အားအားရှိ ဖုန်းပဲပွတ်နေတဲ့ကောင်။'

'ဟဲ . . . ဟဲ ဆရာကြီးကလုပ်ပြီ။ ဒါပေမယ့် ခုလိုချိန်မှာတော့ ကျွန်တော်လည်း မြန်မာနိုင်ငံသားပါဗျ။'

'အေးပါ ငါ့ညီရာ။ ရခိုင်မှာအခုဖြစ်သွားတဲ့ကိစ္စက ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့ရဲ့ လုပ်ရပ်တဲ့။ အစီအစဉ်ရှိရှိနဲ့လုပ်တာလို့ သတင်းစာမှာဖတ်လိုက်ရတယ်။ သူတို့အဖွဲ့ရဲ့ နောက်ကွယ်ကအဖွဲ့တွေကိုလည်း အစိုးရကသတိပေးထားတယ်။ ဒို့ဘက်ကလည်း လုပ်စရာရှိတာတွေ လုပ်နေကြတယ်။ ခက်တာက ဒို့ဘက်ကဒီလိုလုပ်ပေးနေတာကို ကမ္ဘာ့နိုင်ငံတချို့က မသိတာလား၊ မသိချင်ယောင်ဆောင်တာလား မသိ။ ခုဆို လုံခြုံရေးကောင်စီမှာရော၊ ကုလသမဂ္ဂညီလာခံမှာရော ဒို့ကလူဆိုး၊ သူတို့က လူကောင်းဆိုပြီး မီဒီယာအားကောင်းကောင်းနဲ့ ပုံဖော်နေကြတယ်။ သူခိုးက လူဟစ်ဆိုသလိုပေါ့ကွာ။'

'ဟုတ်တယ် ဆရာကြီး။ ဒီကိစ္စတွေနဲ့ဆိုင်လားမသိဘူး။ တစ်နေ့က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က အခြေပြမိန့်ခွန်းကို တီဗွီက Live လွှင့်တယ်။ အင်္ဂလိပ်လိုပြောတာဆိုတော့ ကျွန်တော်လည်း နားမလည်ဘူး။'

'အေး ဟုတ်တယ်။ ရခိုင်ကိစ္စက ဟော့ဖြစ်နေတော့ ကုလသမဂ္ဂမှာ ဒို့နိုင်ငံကို ဖိအားပေးပြောမယ့်အဖွဲ့တွေ ရှိနိုင်တယ်။ ညီလာခံကိုတော့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သွားတက်တယ်။ ညီလာခံမစမီမှာ ရခိုင်ကဖြစ်စဉ်ဖြစ်ရပ်တွေ အပါအဝင် ဒို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဆောင်ရွက်မှု အခြေအနေတွေကို နိုင်ငံတကာ သိအောင် အတိုင်ပင်ခံက ခုလို အင်္ဂလိပ်လိုရှင်းပြတာ။ နိုင်ငံတကာကသိအောင် ရှင်းတာဆိုတော့ မြန်မာလိုထက် အင်္ဂလိပ်လိုက ပိုထိရောက်တယ်။ ငါတော့ ဒီလိုပဲမြင်တယ်။ မင်းတို့ငါတို့နားလည်ဖို့ အတိုင်ပင်ခံမိန့်ခွန်းဘာသာပြန်ကတော့ သတင်းစာ၊ ဂျာနယ်တွေထဲမှာ ပါပါလိမ့်မယ်။ မင်းတို့ ငါတို့စောင့်ဖတ်ကြတာပေါ့။'

'ဒါနဲ့ ဆရာကြီး၊ အဲဒီအဖွဲ့ ARSA က ဘာတွေလုပ်လာနိုင်လဲ။'

'အစွန်းရောက်အကြမ်းဖက်အဖွဲ့ ဆိုမှတော့ကွာ ဒီကောင်တွေက အကြမ်းဖက်လုပ်လို့ရတာ အကုန်လုပ်မှာ။ ယာဉ်တွေ၊ အိမ်တွေ၊ ဈေးတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ၊ ရုံးတွေ၊ လမ်းတွေ၊ တံတားတွေ အိုကွာ လုံခြုံရေးပေါ့လျော့တဲ့နေရာတွေကို မိုင်းထောင်မယ်။ အဝေးထိန်းနဲ့ခွဲမယ်။ လူစည်ကားရာနေရာတွေမှာ အသေခံဗုံးတွေခွဲမယ်။ တစ်ဖက်ကကြောက်ရွံ့သွားအောင် လုပ်ပြပြီးရင် ဝါဒဖြန့်မယ်။ ဒါသူတို့လုပ်နေကျ ပုံစံပဲ။ ဒါကြောင့် မင်းတို့၊ ငါတို့က ဝန်ထမ်းတွေ၊ ဒို့ရုံးအဆောက်အဦရဲ့ လုံခြုံရေးကို အထူးဂရုစိုက်ဖို့လိုသလို ကိုယ့်အိမ်ရာအနီးဝန်းကျင်မှာလည်း လုံခြုံရေးအမြင်အသိတွေနဲ့ နိုးနိုးကြားကြားရှိနေဖို့ လိုပြီ။'

'ဒါက ဒို့ပြည်တွင်းအခြေအနေပေါ့ကွာ။ ခုက ကမ္ဘာမှာပါ လုံခြုံရေးအခြေအနေတွေက ရုတ်ရုတ် ရုတ်ရုတ်ဖြစ်နေတာကွ။'

ဆရာကြီးဘမောင်တို့ဆီက စကားသံတွေကို ကျွန်မတို့တစ်ဖွဲ့လုံး ကြားနေရသည်။ ယခု ကမ္ဘာနှင့်ချီလာပြီမို့ အားလုံးကသိချင်နေကြပြီ။ အပျိုကြီး မတင်စန်းပင် ဆရာကြီးတို့ စကားဝိုင်းထဲ ရောက်နေသည်ကို ကျွန်မ မြင်နေရသည်။ ကျွန်မလည်း စိတ်ဝင်စားလာပြီမို့ လုပ်လက်စ ခဏ ရပ်ကာ ဆရာကြီးဘမောင် ဘာတွေ ဆက်ပြောမည်ကို နားစွင့်နေလိုက်သည်။

မောင်မြတ်မင်းက ရေနွေးကြမ်းခွက် ကမ်းပေးသဖြင့် ဆရာကြီးဘမောင်က ရေနွေးကုန်အောင်သောက်နေသည်။ အတန်ကြာမှ . . .

'ကုလသမဂ္ဂညီလာခံမှာ အမေရိကန်သမ္မတ ထရန့်က မြောက်ကိုရီးယားကိုအရေးယူဖို့၊ နောက်ဆုံးစစ်ရေးအထိပါ ပြင်ဆင်ထားကြောင်း သတိပေးတယ်ဆိုပဲ။ ဒါကိုမြောက်ကိုရီးယားခေါင်းဆောင်က ထရန့် ပြောစကားကို ဟာသလုပ်တယ်။ ဂရုမစိုက်ဘူးပေါ့။ မြောက်ကိုရီးယားက အနုမြူလက်နက်ပိုင်ဆိုင်ဖို့ အားထုတ်နေတဲ့နိုင်ငံ။ ဒါကြောင့် သူ့အနားက တောင်ကိုရီးယားတို့၊ ဂျပန်တို့က တထိတ်ထိတ်နဲ့စောင့်ကြည့်နေကြတာ။ မြောက်ကိုရီးယားခေါင်းဆောင်ဆိုတာကလည်း မင်းတို့ အသက်လောက်ပဲရှိတာ။ လူငယ်ဆိုတော့ စိတ်မထင်ရင် မထင်သလို လုပ်တတ်တာဆိုတော့၊ ဟုတ်လဲ ဟုတ်တတ်တာပဲ။ မြောက်ကိုရီးယားသမ္မတက အမေရိကန်လို အင်အားကြီးနိုင်ငံတွေကတောင် ပိတ်ဆို့အရေးယူမှုတွေလုပ်လိုက်၊ နှုတ်နဲ့ အကြိမ်ကြိမ်သတိပေးလိုက်နဲ့ လုပ်နေတာတောင် ဒုံးပျံဓာတ်ခွဲစမ်းနေတာ။ ဒါကြောင့်လည်း သူ့ကိုဒုံးပျံလူသားဆိုပြီး အမေရိကန်သမ္မတက နာမည်ပေးထားတာ။ တလောကလည်း ဟိုက်ဒရိုဂျင်ဗုံးဆိုပြီးခွဲလိုက်သေးတယ်။ ကမ္ဘာ့နိုင်ငံတွေ ထိတ်ထိတ်ပြာပြာဖြစ်ကုန်တယ်။ ဒါကြောင့် အမေရိကန်နဲ့တောင်ကိုရီးယားတို့၊ ဂျပန်တို့က အကြီးအကျယ် စစ်ရေးလေ့ကျင့်မှုတွေနဲ့ မြောက်ကိုရီးယားကို အင်အားပြပြီးတုန့်ပြန်တယ်။ ဒါလည်း မရဘူး။ ပြီးခဲ့တဲ့ ရက်ပိုင်းလေးတင် ဂျပန်နိုင်ငံကိုကျော်ပြီး နောက်ထပ်ဒုံးပျံ ထပ်ပစ်ပြတယ်။ အမေရိကန်ကိုလည်း ဒုံးပျံနဲ့ပစ်မယ် ချည်းပဲလုပ်နေတော့ အမေရိကန်က ဒေါ်ပွနေပြီ။ တောင်ကိုရီးယားနဲ့ ဂျပန်ကလည်း စိုးရိမ်နေပြီ။ တချို့နိုင်ငံတွေကလည်း လေယာဉ်ပျံတွေ၊ ရေငုပ်သင်္ဘောတွေ၊ တင့်ကားတွေ၊ လက်နက်တွေ ကြိတ်ဝယ်နေပြီး စစ်အင်အားစုဖွဲ့နေကြပြီ။ ဒီဘက်မှာလည်း တရုတ်ကြီးနဲ့ ရုရှားကလည်း အကြီးအကျယ် စစ်ရေးလေ့ကျင့်မှုတွေလုပ်နေကြတယ်။ လက်နက်တွေ၊ စစ်အင်အားတွေ ဟိုရွှေ့ ဒီရွှေ့နဲ့ပြင်နေကြတယ်။ စစ်စကားနဲ့ပြောရရင်တော့ စစ်ပြင်နေကြတယ်ပေါ့ကွာ။'

'ဗျာ ဒီလောက်တောင်ကြီးလား။'

'အေး မင်းလန့်သွားပြီလား မြတ်မင်း။ ကမ္ဘာစစ်မီးဆိုတာ မထင်မှတ်ဘဲ မထင်တဲ့နေရာကနေ ထတောက်တတ်တာကွ။ ပြောရရင် အများကြီးပဲ။ မင်းတို့ ပေါ့ပေါ့ဆဆလုပ်မနေကြနဲ့၊ ကိုယ့်ဇရိယာကျဉ်းကျဉ်းလေးကိုပဲ မကြည့်နဲ့။ ကမ္ဘာ့အရေးတွေလည်း မျက်ခြေမပြတ်နဲ့။ ဖြစ်လာရင် မင်းတို့ငါတို့ ရှောင်နိုင်မှာမဟုတ်ဘူး။ ရင်ဆိုင်ရမှာ။ သတိရှိဖို့လိုတယ်။ အားရှိဖို့လိုတယ်။ သတ္တိရှိဖို့လိုတယ်။'

'ဟုတ် . . . ဆရာကြီး'

မောင်မြတ်မင်းက ပြောပြောဆိုဆို ရုတ်တရက်ထရပ်ပြီး ဆရာကြီးဘမောင်ကို လက်တင်အလေးပြုလိုက်သည်။

'အေး လှောင်သလိုပြောင်သလိုတော့ မလုပ်နဲ့ပေါ့ကွာ။ နိုင်ငံ့အရေးအရာကိစ္စက ငါတို့၊ မင်းတို့တစ်မျိုးသားလုံးမှာ တာဝန်ရှိတယ်။ ပေါ့ပေါ့ဆဆနေရင် လူမျိုးလည်းပျောက်မယ်။ တိုင်းပြည်လည်း ဆုံးရှုံးရမယ်ဆိုတာကိုတော့ သတိပြုပေါ့ကွာ။ ငါကတော့ တစ်ချိန်က တိုင်းပြည်အတွက် ခြေတစ်ဖက်စွန့်ခဲ့ပြီးပြီ။ အေး အခုလည်း အသက်နဲ့ခန္ဓာကျန်သေးတယ်။ အချိန်မရွေး အသင့်ရှိပြီးသားပဲ။'

မောင်မြတ်မင်း၏ အပြုအမူကြောင့် ဆရာကြီးဘမောင် စိတ်ခုသွားပုံရသည်။

'ဆရာကြီးကိုကျွန်တော် လှောင်တာမဟုတ်ပါဘူး။ ကျွန်တော်တကယ် နိုင်ငံသားတစ်ယောက်အနေနဲ့ စိတ်ထဲအားပါလာလို့ ဆရာကြီးကိုအလေးပြုတာပါ။ ဆရာကြီး စိတ်မဆိုးပါနဲ့။ ကျွန်တော် အလုပ်လေးတွေသွားလုပ်ရဦးမယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး' ဆိုကာ မောင်မြတ်မင်းက ဆရာကြီးကို ထပ်မံလက်တင်အလေးပြုပြီး ထွက်ခွာသွားလေတော့မှ သူတို့စကားဝိုင်းလည်း လူစုကွဲတော့သည်။

စကားဝိုင်းမှထလာသော အပျိုကြီး မတင်စန်းက ကျွန်မအနားရောက်လာပြီး 'ဒို့လည်း အားမွေး၊ သားမွေး၊ ခါးသွေးကြတာပေါ့နော်' ဟု ကပ်ပြောသွားသည်။

ကျွန်မ နားထဲတွင်တော့ မနက်ခင်းတန်းစီချိန်က တာဝန်ရှိသူတိုင်ပေးသည့်-

**'နိုင်ငံတော်အလံအား အလေးပြု၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြု'** ဟူသော အား ပါပါအသံကြီးကို အနီးကပ်ကြားလိုက်ရသလို ကြားလိုက်ရပြီး ကြက်သီးမွေးညှင်းများပင် ထမိသွားပါတော့သည်။ ❑

# ပလုတ်တုတ် အရုပ်



☺ လည်တိုင်ရှည်ရှည် လှလွန်းဆွေ
မျက်နှာဝိုင်းစက်နေ .....။

☺ မျက်စိ နှာခေါင်း နားမရှိ
ပါးစပ်က နတ္ထိ.....။

☺ လှချင်လွန်းလို့ နားပန်ဆင်
နားသံသီး ပုံသွင် .....။

☺ ဘယ်ညာတွင် တွဲလောင်းချ
လှုပ်ခါရမ်းသဗျ.....။

☺ သူ့ဟာသူတော့ အသာနေ
ကြီးစွ ဣန္ဒြေ.....။

☺ ကိုင်လှုပ်ရင်လေ တုတ်ပလုပ်တုတ်
မြည်သံတွေကို ထုတ်.....။

☺ ပလုတ်တုတ်တုတ် တုတ်တုတ်တုတ်
မြည်တဲ့ ကိုအရုပ်.....။

ခင်ဘုန်းကျော်

## အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) အမှတ်စဉ် (၈) သင်တန်းဆင်း

အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) ၂၀၁၆-၂၀၁၇ ခုပညာသင်နှစ်၏ သင်တန်းအမှတ်စဉ် (၈) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်နေ့ နံနက်



၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်ရှိ သင်တန်းကျောင်း၏ Auditorium ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်နှင့်



တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ သင်တန်းကျောင်းကျောင်းအုပ်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ သာဂရစက်မှုနယ်မြေမှ စက်ရုံမှူးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းဆင်းသင်တန်းသားများ၏ မိဘဆွေမျိုးများ၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းကျောင်းမှ နည်းပြဆရာ/ဆရာမများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ်နှင့် ဧည့်သည်တော်များသည် သင်တန်းဆင်း သင်တန်းသား/သင်တန်းသူများ၏ လက်တွေ့စွမ်းရည်ပြသခြင်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါသင်တန်းအား (၂၄. ၁၀. ၂၀၁၆) ရက်နေ့မှ (၁၅. ၉. ၂၀၁၇) ရက်နေ့အထိ တစ်နှစ်ကြာ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား/သင်တန်းသူ ၁၄၄ ဦး တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။

## ‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၅၀) သင်တန်းဆင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ တလုပ်ပင်ကျေးရွာတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရေးတို့အတွက်ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၅၀) သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၁၈ ရက်နေ့ နေ့လယ် ၂ နာရီတွင် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ တလုပ်ပင်ကျေးရွာ၊ ရွှေစံမျှင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်နှင့်အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ကျောင်းအုပ်ကြီး ဦးသန့်ဇင်တို့က သင်တန်းဆင်းအမှာစကားများ ပြောကြားခဲ့သည်။ ထို့နောက် သင်တန်းတွင်ထူးချွန်ဆုရရှိသူများအား ဝန်ကြီး ဦးနေမျိုးကျော်၊ မြို့သစ်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆုများအသီးသီးချီးမြှင့်ပေးခဲ့ပြီး ကျောင်းအုပ်ကြီးက သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ မြို့သစ်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ကြီးနှင့်သင်တန်းကျောင်းမှ နည်းပြဆရာ/ဆရာမများ၊ သင်တန်းသား ၄၀ ဦးတို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းတွင် **‘အခြေခံသံဂဟေဆက်ဘာသာရပ်’** ကို စက်တင်ဘာလ ၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ ရက်သတ္တ ၂ ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရသည်။



## မြိတ်မြို့တွင် SME လုပ်ငန်းအထောက်အကူပြု သင်တန်းဖွင့်

KASIKORN BANK နှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့ပူးပေါင်း၍ ‘စီးပွားရေးလုပ်ငန်းစီမံကိန်းရေးဆွဲနည်း’ သင်တန်းကို စက်တင်ဘာလ ၁၃ ရက်နေ့မှ ၁၄ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းသို့ မြိတ်ခရိုင် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း (၅၄) ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## 'Moving Forward to Digital Economy with Innovation' ဟောပြောဆွေးနွေး

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် ဂျာမနီနိုင်ငံ၊ GIZ အဖွဲ့အစည်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံရှိ SME များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်





အကျိုးရှိစေမည့် Saturday SME Talk ဟောပြောဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိရာ ဒသမအကြိမ်မြောက် Saturday SME Talk ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာလ ၁၆ ရက်နေ့တွင် အမှတ် (၅) သလ္လာဝတီလမ်း၊ (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ Centre of Excellence ၌ ကျင်းပပြုလုပ်ခဲ့ပြီး SME လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ စိတ်ပါဝင်စားသူများ၊ စုစုပေါင်း ၁၄၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက 'လုပ်ငန်းရှင်များ၏ လိုအပ်ချက်များ၊ ခေတ်နှင့်အညီ သိရှိရမည့်အချက်အလက်များကို မျှဝေပေးရန်အတွက် သင့်လျော်မည့် ခေါင်းစဉ်များရွေးချယ်၍ ဆွေးနွေးပွဲများ ကျင်းပပေးခဲ့ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ Digital Economy ကို အရေးတကြီးဆွေးနွေးအသုံးပြုလျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှလည်း Digital Economy ကိုဖော်ဆောင်နိုင်မည့် Environment ဖြစ်လာနိုင်ရန် လိုအပ်သည့်မူဝါဒများချမှတ် အထောက်အကူပေးနိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း၊ နိုင်ငံတကာတွင် ပြည်သူတို့၏ Digital အသုံးပြုနိုင်မှုအပေါ် မူတည်၍ Level 1, Level 2 စသည်ဖြင့် Level 4 ထိ သတ်မှတ်ထားကြောင်း၊ Level မြင့်လာသည်နှင့်အမျှ Business လုပ်ငန်းများတွင် Digital နည်းပညာအသုံးပြု၍ Product နှင့် Tool design ထုတ်လုပ်ခြင်း၊ Sales နှင့် Advertises များတွင် အသုံးချခြင်း၊ ထုတ်လုပ်မှုလုပ်ငန်းများဆိုင်ရာ Process Line Management Control စသဖြင့် ကျယ်ပြန့်စွာသုံးနိုင်ကြောင်း၊ Logistics နဲ့ Supply Chains Management သည်လည်း Digital Economy ၏အခြေခံဖြစ်ကြောင်း၊ Digital Economy ကို ကျယ်ပြန့်စွာအသုံးပြုနိုင်ခြင်းဖြင့် ကုန်ကျစရိတ်နှင့်အချိန်များစွာ သက်သာမည်ဖြစ်၍ ယှဉ်ပြိုင်နိုင်မှု စွမ်းအားမြင့်မားလာကြောင်း၊ SME လုပ်ငန်းရှင်များတွင်သာမက အစိုးရဌာနများတွင်လည်း အားနည်းချက်များကိုပြုပြင်ပြီး Digital Economy ကို ကျယ်ပြန့်စွာအသုံးပြုနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ Infrastructure နှင့် Capacity များ ပြည့်ဝစေရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ Panel Discussion မှ ပညာရှင်များသည် Digital ပိုင်းဆိုင်ရာအသိပညာ၊ ဗဟုသုတပြည့်ဝသူများဖြစ်၍ ဂရုပြု၍နားထောင်ဆွေးနွေးစေလိုကြောင်း' အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ Panelist များအဖြစ် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာထွန်းသူရသက်၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်သူများအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ The First Falling Walls Lab Innovative Idea Competition, Winner ဒေါ်ခင်စန္ဒာဝင်းတို့က ဆောင်ရွက်ခဲ့ပြီး Moderator အဖြစ် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ အမှုဆောင် ဦးအောင်မောင်က ဆောင်ရွက်ကာ ပတ်ဝန်းကျင်နိုင်ငံများတွင် Digital Economy ၏ အရေးပါမှုများ၊ ပတ်ဝန်းကျင်နိုင်ငံများနှင့်ယှဉ်ပါက မြန်မာနိုင်ငံတွင် Digital Economy အသုံးပြုမှု ကွာဟနေမှုများ၊ ကမ္ဘာ့စီးပွားရေးတွင် Digital Economy ၏ရာခိုင်နှုန်းရရှိမှုအခြေအနေ၊ International Market သို့ထိုးဖောက်ဝင်ရောက်ရန်အတွက် ယှဉ်ပြိုင်နိုင်စွမ်း၊ အခွင့်အလမ်းများ ဖန်တီးနိုင်မှုအခြေအနေများနှင့် Digital Economy ၏အရေးပါမှုများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို အပြန်အလှန်ဆွေးနွေးပေးခဲ့ကြပြီး အခမ်းအနားကို ညနေ ၃ နာရီတွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

❑

## လျှပ်စစ် စစ်ဆေးရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်လှစ်

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ဌာနတွင်း လျှပ်စစ်စစ်ဆေးရေးဆိုင်




ရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၂၅ ရက်နေ့၊ နံနက် ၈ နာရီက ရန်ကုန်မြို့၊ အမှတ် (၃၅) ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်ရှိ လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမတွင်ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးအနေဖြင့် လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှုမွမ်းမံသင်တန်း၊ အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွှေ့လျားသင်တန်းနှင့် ဌာနရှိဝန်ထမ်းများအား Capacity Building မြှင့်တင်ရေးရည်ရွယ်၍ ဌာနတွင်း လျှပ်စစ်စစ်ဆေးရေးဆိုင်ရာကျွမ်းကျင်မှုသင်တန်းများအား ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းများကို လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်တတ်စေရန်၊ လျှပ်စစ်စစ်ဆေးရေးဓာတ်ခွဲခန်းရှိ မီတာများနှင့် တိုင်းတာရေးကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုတတ်စေရန်၊ နိုင်ငံတကာစံချိန်စံညွှန်းများ၊ အကိုးအကားများကို နားလည်သဘောပေါက်စေရန်နှင့် ဓာတ်လှေကား၊ စက်လှေကား၊ ရွှေ့လျားလမ်းလျှောက်စက်များနှင့်ပတ်သက်သည့် အခြေခံအချက်များ၊ မောင်းနှင်ပုံနည်းစနစ်များနှင့် စစ်ဆေးဆောင်ရွက်ရန်နည်းလမ်းများကို အသေးစိတ်ပို့ချသင်ကြားမည်ဖြစ်သဖြင့် ကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းကြောင်း ညွှန်ကြားရေးမှူးချုပ်က အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် M.E, B.E, B.Tech, A.G.T.I, E.G.T.I ပညာအရည်အချင်းရှိ သင်တန်းသား၊ သင်တန်းသူ ၂၃ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၂၅ ရက်နေ့မှ အောက်တိုဘာလ ၂၀ ရက်နေ့အထိ ရက်သတ္တ ၄ ပတ်ကြာဖွင့်လှစ်မည်ဖြစ်ကာ Fortune Elevator & Escalator Co.,Ltd., MITSUBISHI Elevator Co.,Ltd., Myanmar Jardine Schindler Elevator Co., Ltd., OTIS Number. 1 Elevator Co., Ltd. အဖွဲ့အစည်းများမှ ပါဝင်ပူးပေါင်းသင်ကြားပို့ချပေးကြမည်ဖြစ်ကြောင်း သိရသည်။

**မင်းထွဏ်း**

❑

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

အကြံပေး
ဒေါ်တင်တင်ထူး

စာတည်းမှူးချုပ်
ဦးကျော်လှိုင်

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း
ဦးဟိန်းမင်းဇော

စာမျက်နှာအပြင်အဆင်
ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်သီတာမိုး

ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး
ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

ထုတ်ဝေသူ
ဦးအောင်စိုးရ
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် - ၀၀၅၀၁

ပုံနှိပ်သူ/ပုံနှိပ်တိုက်
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
စောင်ရေ ၄၇၃၀

ဂျာနယ်တိုက်လိပ်စာ
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း - ၀၆၇ - ၄၀၅၀၅၇
၀၁ - ၂၅၀၆၅၁

E-mail
beaconofindustry@gmail.com



အမှတ် (၁၇) အကြီးစားစက်ရုံ (မလွန်) ၌ ရာသီတုပ်ကွေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လက စက်ရုံစားသောက်ဆိုင်တွင် ကျင်းပစဉ်။

# 'National Workshop on Developing Fuel Economy Baseline and Policies' ကျင်းပ

UN Environment ၊ Clean Air Asia နှင့် Global Fuel Economy Initiative (GFEI) တို့သည် European Union ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံအတွက် 'Vehicle Fuel Economy Baseline Development and Trends Analysis Project' ပြုလုပ်ပေးရန်ရည်ရွယ်၍ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရှိ စွမ်းအင်ခြိုးခြံချွေတာရေးဌာနနှင့် ပူးပေါင်းလျက် 'National Workshop on Developing Fuel Economy Baseline and Policies' ကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် စက်တင်ဘာလ ၁၉ ရက်နေ့၊ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိကျင်းပရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်ထူးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။




Vehicle Fuel Economy (VFE) သည် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အရေးကြီးပြီး VFE ကောင်းမွန်ခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု လျှော့ချနိုင်ခြင်း၊ Air Quality ကောင်းမွန်စေပြီး လေထုညစ်ညမ်းမှုကို လျှော့နည်းစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေကာ မြန်မာနိုင်ငံ၏ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး မဟာဗျူဟာကိုလည်း အထောက်အကူပြုစေနိုင်သည်။ ထို့အပြင် စွမ်းအင်ဖူလုံမှုကိုလည်း တိုးတက်စေကာ လောင်စာဆီသုံးစွဲမှု လျှော့ချနိုင်ခြင်းကြောင့် သုံးစွဲသူများအတွက် ပိုမိုသက်သာစေမည်ဖြစ်သည်။ Fuel Economy Baseline ရေးဆွဲခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အသုံးပြုနေသည့် မော်တော်ယာဉ်များ၏ အခြေအနေကိုသိရှိနိုင်ပြီး Fuel Economy တိုးတက်ရေးအတွက် သင့်လျော်သည့်မူဝါဒများချမှတ်ရာတွင် အထောက်အကူပြုစေမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ UN Environment၊ Clean Air Asia၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၂၅ ဦး တက်ရောက်ခဲ့ကြပြီး Fuel Economy Baseline ရေးဆွဲရေးအတွက် လိုအပ်သည့် မော်တော်ယာဉ်အချက်အလက်များ ကောက်ယူရေးကိစ္စရပ်များ၊ Fuel Economy Policy ချမှတ်ရာတွင်အသုံးပြုသည့် Instrument များ၊ Fuel Economy Policy ရေးဆွဲအသုံးပြု၍ လက်ရှိတွင် အောင်မြင်မှုရရှိနေသည့် နိုင်ငံများ၏ အတွေ့အကြုံများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

# ဝန်ထမ်းမိသားစုများ စုပေါင်းသွေးလှူ လူနာများအတွက် အာဟာရဒါနလှူဒါန်း

ဆေးဝါးစက်ရုံ (အင်းစိန်) မှ ဝန်ထမ်းမိသားစု ၂၈ ဦးတို့သည် စက်တင်ဘာလ ၉ ရက်နေ့၊ နံနက်က အမျိုးသားသွေးလှူဌာန (ရန်ကုန်) ၌ ပထမအကြိမ်စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသူများအား တစ်နေ့တာ အာဟာရဒါနစုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**Ttt**



# ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူရေးနှင့် အသားကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) မှကြီးမှူး၍ ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူရေးနှင့် အသားကဏ္ဍဆိုင်ရာဖွံ့ဖြိုး



တိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၂၁ ရက်နေ့၊ နေ့လယ် ၁ နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သိပ္ပံလမ်းနှင့် ၅၉ လမ်းထောင့်ရှိ Perfect ဟိုတယ်တွင် ကျင်းပသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇံထွေး၊ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်စိုး၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်နှင့်အမှုဆောင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ အသားစားထုတ်လုပ်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇံထွေးက ကျွဲ၊ နွားအရှင်များ တရားမဝင်ပြည်ပသို့ရောင်းချနေမှုများ ပပျောက်ပြီး နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်ရရှိစေရေး၊ ဈေးကွက်ဖွံ့ဖြိုးရေး၊ တိရစ္ဆာန်ရောဂါများ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးနှင့် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒများ ရေးဆွဲနေမှုများအားလည်းကောင်း မန္တလေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ကျွဲ၊ နွားအရှင်များ ပြည်ပတင်ပို့ နိုင်ရေး လုပ်ထုံးလုပ်နည်း (မူကြမ်း) အားလည်းကောင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌက ပြည်တွင်းဒေသတစ်ခုမှတစ်ခုသို့ ကျွဲ၊ နွားများသယ်ဆောင်ရာတွင် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးရန် လိုအပ်သည်များနှင့် အသားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကျွဲ၊ နွားများအား အရေးကြီးကုန်စည်အဖြစ် ထည့်သွင်းတားမြစ်ထားခြင်းအား ပယ်ဖျက်ပေးရန်နှင့် အသားဈေးနှုန်းကျဆင်းရေး လိုင်စင်စီစနစ်ဖျက်သိမ်းပေးရန်တင်ပြပြီး တက်ရောက်သူများက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

# စီးပွားရေးနှင့်သက်ဆိုင်သော ဥပဒေကိစ္စရပ်များ ဟောပြော

**သီဟကိုကို (မန္တလေး)**

ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီက မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်များ၊ အသင်းဝင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးနှင့်သက်ဆိုင်သည့် ဥပဒေကိစ္စရပ်များ ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာလ ၂၂ ရက်နေ့၊ နံနက် ၉ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းက အဖွင့်အမှာစကားပြောကြားပြီး ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဆွေဆွေအောင်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုအေးက ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဥပဒေရေးရာလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသန်းမောင်က မူပိုင်ခွင့်ဥပဒေသစ်များနှင့် အနာဂတ်မြန်မာ့စီးပွားရေးအနေအထားကိုလည်းကောင်း၊ မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းမြင့်က လယ်ယာမြေစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က FDA ဆိုင်ရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်းသိရသည်။

# ယခင်နှစ်ထက် ဆန်နှင့်ဆန်ကွဲတန်ချိန် ငါးသိန်းကျော် ပိုမိုတင်ပို့နိုင်

ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှာ ယခင်နှစ်ထက် တန်ချိန် ငါးသိန်းကျော် ပိုမိုတင်ပို့နိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် သုံးသိန်းသုံးသောင်းကျော်ကို ယခင်ဘဏ္ဍာနှစ်လေးလတာကာလအတွင်း တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၄ သန်းကျော်ရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်လေးလတာအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ရှစ်သိန်းခြောက်သောင်းကျော် တင်ပို့နိုင်ခဲ့ကာ အမေရိကန်ဒေါ်လာ ၂၅၈ သန်းရရှိခဲ့ကြောင်း ယင်းဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

ဆန်နှင့်ဆန်ကွဲကို ယခင်နှစ်က ပြည်ပနိုင်ငံပေါင်း ၅၃ နိုင်ငံကိုတင်ပို့နိုင်ခဲ့ကြောင်း ယခင်ကတရုတ်နိုင်ငံတစ်ခုတည်းကိုသာအားကိုး၍ တင်ပို့နေရသောကြောင့် ယင်းနိုင်ငံက တင်ပို့မှုတင်းကျပ်လျှင် ပြည်တွင်း၌ ဆန်ဈေးများကျဆင်းကာ တောင်သူများ အခက်အခဲဖြစ်သဖြင့် ဈေးကွက်သစ်များရှာဖွေခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

တရုတ်နိုင်ငံဘက်က အဖမ်းအဆီးကြမ်းသဖြင့် နေ့စဉ်ဆန်အိတ်ရေ တစ်သောင်းကျော်သာ မူဆယ်နယ်စပ်သို့ရောက်ရှိပြီး ဆန်ဈေးလည်းကျနေကာ တင်ပို့မှုမှာ ယခင်နှစ်အောက် လျော့ကျလာကြောင်း မူဆယ်ဆန်ကုန်သည်များထံမှ သိရသည်။

**ဟိန်းသူ**



# ၂၀၂၀ ခုနှစ်တွင် မန္တလေးဆိပ်ကမ်းအပြီး တည်ဆောက်မည်

**စံမျိုးထက်**

မန္တလေးဆိပ်ကမ်းကို ပို့ဆောင်ဆက်သွယ်ရေး လွယ်ကူစေရန်အတွက် ဂျပန်နိုင်ငံ၏အကူအညီဖြင့် ၂၀၂၀ ခုနှစ်တွင် အပြီးတည်ဆောက်သွားနိုင်ရန်စီစဉ်နေကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဦးစီးဌာနမှ သိရသည်။

ယခုစီမံကိန်းသည် ပထမဆုံးတည်ဆောက်မည့် စီမံကိန်းဖြစ်ပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက် မြို့များဖြစ်သည့် ဗန်းမော်၊ မန္တလေး၊ ပခုက္ကူနှင့်မကွေးမြို့များတွင် ဆိပ်ကမ်း ၄ ခု၊ ချင်းတွင်းမြစ်၊ မုံရွာနှင့် ကလေးဝမြို့များတွင် ဆိပ်ကမ်းနှစ်ခုတည်ဆောက်သွားမည်ဖြစ်သည့်အတွက် မန္တလေးဆိပ်ကမ်းကို ပထမဆုံး စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

National Transport Master Plan ရေးဆွဲပြီး ဧရာဝတီမြစ်အပြင် ချင်းတွင်းမြစ်ပေါ်၌လည်း ကုန်သေတ္တာအတင်အချ ဆိပ်ကမ်းခြောက်ခုတည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်းသိရကာ လက်ရှိတွင် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းကို ငါးနှစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

# မင်းကွန်းဆိပ်ကမ်းတွင် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ပညာပေးမော်တော် အခမဲ့လေ့လာနိုင်

ဝင်းမြင့်ဦး



အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ပညာပေးမော်တော်ကို လင်းပိုင်စာရင်းကောက်ယူခြင်းနှင့် ကင်းလှည့်ခရီးစဉ်မှလွဲပြီး မန္တလေးမြို့၊ ၂၆ လမ်းထိပ်၊ မရမ်းခြံဆိပ်ကမ်း (သို့) မင်းကွန်းဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားမည်ဖြစ်ရာ မည်သူမဆိုလာရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

အဆိုပါပြခန်းတွင် ဧရာဝတီလင်းပိုင်အရိုးစုနှင့် ဆေးရည်စိမ်ထားသောလင်းပိုင်တို့ကို ပြသထားပြီး ဧရာဝတီလင်းပိုင်တို့၏ သမိုင်းရာဇဝင်များ၊ လင်းပိုင်ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများ၊ ကင်းလှည့်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ မြန်မာနိုင်ငံအစီအစဉ် (WCS) တို့ပူးပေါင်းဆောင်ရွက်နေသည့် ဧရာဝတီလင်းပိုင်နှင့်ပတ်သက်သော အချက်အလက်များကို ပြည့်စုံစွာလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးမော်တော်သည် တစ်နှစ်လျှင်တစ်ကြိမ်၊ မန္တလေးမှဗန်းမော်အထိ ဧရာဝတီလင်းပိုင်စာရင်းကောက်ယူခြင်း၊ တစ်လလျှင် နှစ်ကြိမ် လင်းပိုင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်း ကင်းလှည့်ခြင်းခရီးစဉ်များဆောင်ရွက်ပြီး သဘော်ဆိုက်ကပ်သောဒေသများ၌ ကျောင်းသူ၊ ကျောင်းသားများ ဧရာဝတီလင်းပိုင်နှင့်ပတ်သက်ပြီး ထိန်းသိမ်းရေး အသိပညာများရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။


# အင်းတော်ကြီးအိုင် ဇီဝအဝန်းနယ်မြေအဖြစ် အတည်ပြု

လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve-MAB) အဖြစ် ကချင်ပြည်နယ်ရှိ အင်းတော်ကြီးအိုင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အတည်ပြုသတ်မှတ်ခဲ့ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှသိရသည်။

မြန်မာနိုင်ငံရှိ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ဇီဝအဝန်းနယ်မြေအဖြစ် ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင်ကျင်းပသည့် UNESCO ၏ MAB အစီအစဉ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကောင်စီ (၂၉) ကြိမ်မြောက် အစည်းအဝေးတွင် သတ်မှတ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်က အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို မြန်မာနိုင်ငံ၏ ပထမဆုံးလူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခဲ့ပြီး ယခုအင်းတော်ကြီးအိုင်သည် ဒုတိယမြောက် ဇီဝအဝန်းနယ်မြေဖြစ်လာသည်။ ထိုအင်းတော်ကြီးအိုင်သည် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၏ အနောက်ဘက်တွင်တည်ရှိပြီး ဧရိယာအကျယ်အဝန်းသည် ၃၁၄. ၆၇ စတုရန်းမိုင်ရှိကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

**ဟိန်းသူ**






# ရာဇဂြိုဟ်ဆည်မှ ဓာတ်အားပေးဝေနိုင်ရေး ဆောင်ရွက်နေ

လေးမောင်မောင်




ရာဇဂြိုဟ်ဆည်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်မှစတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သော်လည်း ဖွင့်လှစ်ပြီးတစ်နှစ်ကျော်ကြာသည့်တိုင် ဒေသတွင်းလျှပ်စစ်မီး ဖြန့်ဖြူးနိုင်ခြင်းမရှိသေးကြောင်း ရာဇဂြိုဟ်ရွာမှ ဒေသခံများပြောပြချက်အရ သိရသည်။

အဆိုပါ ရာဇဂြိုဟ်ဆည်မှ လျှပ်စစ်ဓာတ်အားပေးဝေနိုင်ရန် လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ထိုဆည်မှ ကလေးမြို့အနောက်ဘက်ကိုးမိုင်အကွာ ပျဉ်းတောဦးရွာအထိ ၁၁ ကေဗွီဓာတ်အားလိုင်းကို တည်ဆောက်မည်ဖြစ်ပြီး ကလေး-တမူးလမ်းဘေး ဝဲယာတွင်နေထိုင်ကြသည့် ရာဇဂြိုဟ်၊ ခုံသာ၊ ကြက်ဖနက်၊ ကံဦး၊ ကံသာယာ၊ ကံကြီး၊ စခန်းကြီး၊ နန်းစောင်းပု၊ မော်လိုက်၊ ကလေးတောင်ရွာနှင့် မြောက်ရွာအထိ ၁၁ ကေဗွီဓာတ်အားလိုင်းများ တည်ဆောက်လုပ်ကိုင်နေပြီး ယင်းတည်ဆောက်မှုအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဘတ်ဂျက်ငွေသန်း ၁၄၄ ဖြင့် တင်ဒါခေါ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကလေးမြို့နယ်၊ လျှပ်စစ်ဌာနမှ တာဝန်ရှိသူက ရှင်းပြသည်။

ရာဇဂြိုဟ်ဆည်သည် ချင်းပြည်နယ်တွင် ချောင်းဖျားခံစီးဆင်းသည့် နေရဉ္စရာချောင်းကိုပိတ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယင်းဆည်မှကလေးမြို့နယ်အတွင်းရှိ လယ်ဧက ၈,၅၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်ကာ ရေအားလျှပ်စစ်လေးမဂ္ဂါဝပ် (၂. ၀ မဂ္ဂါဝပ် × ၂) ကို တပ်ဆင်ထုတ်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ချိန်းတွေ့လူငယ်များ သတိထားရှောင်ရှားရန် အန္တရာယ်နယ်မြေ

ကိုကြီးစိုး (ဆိပ်ကမ်း)





သမီးရည်းစား ချိန်းဆို၍တွေ့ဆုံခြင်းကိစ္စမှာ ထူးဆန်းသည့်ကိစ္စတော့မဟုတ်ပါ။ ယနေ့ခေတ်တွင် ပွင့်လင်းလာသည့် မိုဘိုင်းတယ်လီဖုန်းခေတ်ကြောင့် သမီးရည်းစားလူငယ်များအတွက် အတုမြင်အတတ်သင်လက်တည့်စမ်းသည့် ချစ်ရည်လူးတွေ့ဆုံခြင်းများ ဖြစ်နေကြောင်းလေ့လာမိသည်။

ချိန်းဆိုတွေ့ဆုံကြခြင်းသည် ရင်ခုန်ဖွယ်၊ ကြည်နူးဖွယ်ကောင်းသည်၊ ပျော်ရွှင်ဖွယ်လည်း ဖြစ်သည်ကို မငြင်းပါ။ တိတ်တဆိတ်တွေ့ဆုံခြင်းသည် အများသူငါရှေ့တွင် တွေ့ကြသကဲ့သို့မဟုတ်ဘဲ လွတ်လပ်ခြင်းကိုဖြစ်စေသဖြင့် လူငယ်စုံတွဲများ အဆင့်ကျော်သည့် မဖြစ်သင့်သောကိစ္စရပ်များဖြစ်စေနိုင်ပါသည်။

ဟိုး . . . လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ကျွန်တော်တို့၏အဘိုးအဘွားများလည်း ချစ်ကြိုက်ချိန်းဆိုတွေ့ဆုံကြလိမ့်မည်ဟု ထင်ပါသည်။ နှစ်ဖက်မိဘသဘောတူ၍ လူငယ်နှစ်ဦးအား တွေ့ဆုံပေးလျှင်တောင် တစ်ဦးနှင့်တစ်ဦး နားလည်မှုရစေရန် မိဘများက တမင်ဖန်တီး၍ နှစ်ဦးတည်း လွတ်လပ်စွာဆွေးနွေးနိုင်ရန် ရှောင်လွှဲပေးကြသည်။ ထိုသို့ လူငယ်နှစ်ဦးတွေ့ဆုံချိန်လေးသည်ပင် အိမ်ထောင်ရေးအတွက် ကြည်နူးဖွယ်ဖြစ်ပါသည်။

လူငယ်နှစ်ဦး ချိန်းဆိုတွေ့ဆုံသည့်နေရာများသည် ရေခပ်လမ်းတွင်မဟုတ်ပါ။ လူသွားလူလာများသည့် နေရာများမဟုတ်ပါ။ ဘုရားပွဲ၊ ကျောင်းပွဲများတွင်ဖြစ်ပါက တစ်ဦးနှင့်တစ်ဦး မျက်ရိပ်ပြ (အချက်ပြ) လျက် (သို့) ကြားလူအောင်သွယ်ဖြင့်




လွတ်လပ်စွာတွေ့နိုင်မည့် (စိတ်ကွယ်ရာ) အရပ်များကို ရွေးချယ်တွေ့ဆုံကြသည်။ နှစ်ကိုယ်တူချစ်တင်းနှော၊ အချစ်ဋီကာဖွဲ့ရန် လူသူမနီးသည့် (မျက်ကွယ်) နေရာများတွင် တွေ့ဆုံလေ့ရှိကြပါသည်။

သို့သော် ရှေးလူငယ်စုံတွဲများသည် ရိုးသားကြသည်။ အရှက်တရားရှိကြသည်။ မြန်မာ့ဓလေ့ယဉ်ကျေးမှုနှင့်ညီကြသည်။ စည်းမကျော်၊ ဘောင်မကျော်၊ ပွင့်လင်းမှုနှင့်လွတ်လပ်မှုကိုအခွင့်အရေးမယူကြ၊ သစ္စာရှိကြသည်။ ထို့ကြောင့် ထိုခေတ်အချိန်အခါက ချစ်သူစုံတွဲများအတွက် ပြဿနာမရှိ၊ အမှုအခင်းမရှိ၊ ရုံးပြင်ကန္နားမရောက်၊ အချိန်တန်လျှင် အိမ်ထောင်ပြု၍ သက်ထက်ဆုံးတစ်လင်တစ်မယားပုံစံဖြင့် ရိုးမြေကျပေါင်းဖက်ကြသည်။

ယနေ့အိုင်တီခေတ်၊ မိုဘိုင်းခေတ်လူငယ်များမှာ အတွေ့အမြင်၊ ဗဟုသုတများကြသည်။ ထိုဗဟုသုတများနှင့်အတူ ညစ်ညမ်းပုံရိပ်များနှင့်လည်း ရင်းနှီးကြသည်။ လက်တည့်စမ်းလိုကြသည်။ အရှက်သိက္ခာတန်ဖိုးလျော့နည်းနေသည်ဟုပင် ထင်စရာဖြစ်သည်။

ယနေ့သတင်းစာ၊ ဂျာနယ်၊ စာစောင်များတွင် သမီးရည်းစားစုံတွဲများချိန်းဆိုတွေ့ဆုံစဉ် ဖြစ်ပျက်သည့်မှုခင်းများအတော်တွေ့ရပါသည်။

ထိုဖြစ်စဉ်များအရ စုံတွဲများတွေ့ဆုံသည့် နေရာအရပ်များအားလုံး လူသူဝေးသည့် ပတ်ဝန်းကျင်နှင့်စိတ်ကွယ်ရာနေရာများတွင်ဖြစ်သည်။ ထိုအရပ်နေရာများတွင် ရာဇဝတ်မှု၊ လုယက်မှု၊ လူသတ်မှုတို့ဖြစ်ပွားလေ့ရှိသည်ကို သတိထားမိပါသည်။ ထိုသို့သောနေရာများကို စုံတွဲများရွေးချယ်သကဲ့သို့ ရာဇဝတ်မှုကျူးလွန်လိုသူ၊ မသမာသူများကလည်း ရွေးချယ်ထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ခေတ်စုံတွဲများကို အကြံတစ်ခုပြုလိုပါသည်။ တောရွာဒေသများမှ ချစ်သူစုံတွဲများ ချိန်းယူတွေ့ဆုံလိုလျှင် အဖော်ခေါ်ဆောင်သွားပါ။ အဖော်ဆိုသည်မှာ မိန်းကလေးဘက်ကရော၊ ယောကျ်ားလေးဘက်ကပါ အဖော်ခေါ်သွားပါ။ တစ်ဦးနှင့်တစ်ဦး၊ တစ်အုပ်စုနှင့်တစ်အုပ်စု အသံပြုနိုင်သည့်အကွာအဝေးတွင်နေပါ။ မကြာခဏ အသံပြုပါ။ အန္တရာယ်ကင်းနိုင်ပါသည်။

အထူးသဖြင့်မှာ မြို့ပြချဲ့ထွင်သည့် မြို့စွန်နေရာ (မြို့သစ်) များတွင်နေထိုင်သည့်စုံတွဲများ ပို၍သတိထားသင့်ပါသည်။ မြို့အစွန်၊ ရပ်ကွက်အစွန်များလည်းဖြစ်ခြင်း၊ မမြင်ကွယ်ရာ၊ စိတ်ကွယ်ရာဖြစ်ခြင်း၊ မှောင်ရီသန်းချိန်ဖြစ်ခြင်း၊ အသံပေးအော်ဟစ်အကူအညီတောင်းရန် မကြားနိုင်ခြင်း၊ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက်ဝေးကွာခြင်းတို့ကြောင့် ရာဇဝတ်မှုကျူးလွန်နိုင်ရန် ပိုမိုနီးစပ်ပါသည်။ ကျူးလွန်လိုသူ၊ မသမာသူများသည် မြို့ပြနှင့်အနီးဆုံး မြို့စွန်နေရာများကို နှစ်သက်ပါသည်။ ပြစ်မှုကျူးလွန်ပြီးနောက် လူနေရှုပ်ထွေးသည့်မြို့ပေါ်သို့ တက်ရောက်ရှောင်တိမ်းပုန်းခိုလေ့ရှိကြသည်။

မြို့ပြနှင့်နီးသည့် မြို့စွန်များရှိ သမီးရည်းစားစုံတွဲများ လွတ်လပ်အန္တရာယ်ကင်းစွာ တွေ့ဆုံလိုပါက မြို့ပေါ်ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ကြည့်ရင်း တွေ့ဆုံပါ။ ပန်းခြံများသို့ သွားရောက်ပျော်ရွှင်တွေ့ဆုံပါ။ တည်ငြိမ်သော ဣန္ဒြေသိက္ခာဖြင့် ချစ်တင်းနှောပါ။ ယနေ့ခေတ် အပန်းဖြေစရာပန်းခြံ (ဥယျာဉ်) များသည် ချစ်သူစုံတွဲများ မတော်တရော်နေထိုင်ပြုမူနိုင်ခြင်းမရှိအောင် ပြုပြင်ထားသည့်အတွက် အန္တရာယ်ကင်းသည့်ဇုန်များဖြစ်ပါကြောင်း စေတနာဖြင့် ရေးသားတင်ပြအပ်ပါသည်။

**ချစ်သူစုံတွဲများ**
**အန္တရာယ်ကင်းကြပါစေ။**

## စည်းကမ်းချိုးဖောက်ယာဉ်များအား Viber ဖြင့် တိုင်ကြားမှု ၁၆,၀၀၀ ကျော်ရှိခဲ့


ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သည့် ယာဉ်များကို Viber ဖြင့်တိုင်ကြားခဲ့သော အမှုပေါင်း ၂ နှစ်အတွင်း ၁၆,၀၀၀ ကျော်ရှိခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့က ထုတ်ပြန်ချက်အရသိရသည်။

Viber ဖြင့် တိုင်ကြားခြင်း စတင်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ကနေ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ အရေးယူအမှုစာရင်း စုစုပေါင်း ၁၆,၆၀၀ ကျော်ရှိကြောင်း စက်တင်ဘာလ ၄ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်းသိရသည်။ အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သည့်ယာဉ်များက လာရောက်ဒဏ်ဆောင်ပြီးသည့် အမှုက ၉,၉၀၀ ကျော်ရှိခဲ့ကြောင်းသိရသည်။

အမှတ် (၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်) က Online Complaint Centre, Viber က တစ်ဆင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်သောယာဉ်များကို တိုင်တန်းလျှင် ထိထိရောက်ရောက်အရေးယူပေးနေကြောင်း သိရသည်။

Viber ဖုန်းနံပါတ်များကို ပေးပို့တိုင်တန်းမည်ဆိုလျှင် ကျူးလွန်သည့်ပြစ်မှု၊ ယာဉ်နံပါတ်ပါသော ထင်ရှားသည့် မှတ်တမ်းဓာတ်ပုံ၊ နေ့ရက်၊ အချိန်၊ နေရာနှင့်အတူ Viber ဖုန်းနံပါတ် ၀၉-၇၇၇၄၃၆၂၃၂၊ ၀၉-၇၇၇၄၃၆၂၃၃၊ ၀၉-၇၇၇၄၃၆၂၃၄ များကို ပေးပို့တိုင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**



# လေဖြတ်နိုင်ချေ ရှေ့ပြေးနိမိတ်များ ၆ ချက်

ဒေါက်တာလွင်သန့်

လေဖြတ်ခြင်းဟာ ကမ္ဘာပေါ်မှာ လူသေဆုံးမှု ဒုတိယအများဆုံးရောဂါဖြစ်တယ်။ လေဖြတ်မယ့် ရှေ့ပြေးနိမိတ်တွေသိထားရင် ကြိုတင်ကာကွယ်ခြင်းဖြင့် လေဖြတ်ခြင်းရန်မှ ကင်းဝေးနိုင်မှာပါ။

လေဖြတ်ခြင်းမှာ ပုံစံ (၂) မျိုးရှိတယ်။ ပထမတစ်မျိုးက သွေးကြောထဲသွေးခဲများစုပိတ်ကာ ဦးနှောက်သို့ သွေးစီးဆင်းမှုနည်းသွားခြင်း (သို့) လုံးဝရပ်သွားခြင်းကြောင့် ဦးနှောက်လုပ်ငန်းအချို့ ရပ်ဆိုင်းကာ လေဖြတ်တတ်တယ်။ နောက်ပုံစံတစ်မျိုးက ဦးနှောက်သွေးကြောပေါက်ကာ ဦးနှောက်အခြားအစိတ်အပိုင်းများကို သွေးမရောက်တော့ဘဲ ခန္ဓာလုပ်ငန်းတွေ ရပ်ဆိုင်းသွားလို့ ဖြစ်တယ်။

ယင်းနောက်ဆုံးအဆင့်မရောက်မီ ရုတ်တရက်ပြတတ်တဲ့ရှေ့ပြေးလက္ခဏာများသိထားရင် လေမဖြတ်အောင် ကာကွယ်နိုင်မှာပဲဖြစ်တယ်။

**မြင်ကွင်းနှစ်ထပ်ဖြစ်ခြင်း။**

မျက်လုံးတစ်ဖက်က ကောင်းပြီး အခြားတစ်ဖက်ကမြင်ကွင်းတွေ နှစ်ထပ်ဖြစ်နေ၊ ဝေဝါးနေပြီဆိုရင် လေဖြတ်မယ့် ရှေ့ပြေးနိမိတ်ဆိုတာ သတိပြုသင့်ပါတယ်။

အလုပ်ပင်ပန်းရဲ့၊ စာဖတ်ရဲ့ လောက်နဲ့ မျက်လုံးကမြင်ကွင်းနှစ်ထပ်ဖြစ်တာမျိုး တော်တော်ရှားပါတယ်။ နေရင်းထိုင်ရင်းမြင်ကွင်းနှစ်ထပ်ဖြစ်လာပြီဆိုရင် လေဖြတ်နိုင်ခြေလက္ခဏာပါပဲ။

ဦးနှောက်သွေးကြောထဲမှ သွေးခဲစုပိတ်ကာ သွေးစီးဆင်းမှုနည်းနေပြီဆိုရင် မျက်လုံးသွေးကြောကို အောက်စီဂျင်လည်းအရောက်နည်းလို့ အမြင်နှစ်ထပ်ဖြစ်ကာ ဝေဝါးခြင်းပဲဖြစ်တယ်။

**လက်တွေပုံမှန်ထက် ကြာကြာထုံနေခြင်း။**

အိပ်နေတုန်းဖိထားမိလို့ လက်တွေ၊ ခြေတွေထုံနေပြီး လှုပ်မရတာမျိုး၊ ထိတွေ့အာရုံမသိတာမျိုးကြုံရတတ်တယ်။ ခဏနေရင် ပြန်ကောင်းသွားတတ်တယ်။ ပုံမှန်ပြန်မဖြစ်ဘဲ တော်တော်ကြာအောင် ထုံနေပြီဆိုရင် လေဖြတ်မယ့်ရှေ့ပြေးလက္ခဏာပဲဆိုတာ သတိထားသင့်တယ်။

ဦးနှောက်အနောက်ဘက်ခြမ်းကနေစီးဝင်တဲ့ သွေးကြောတွေမှာ သွေးကြောတွေစုပိတ်ခြင်းမျိုး၊ သွေးယိုခြင်းမျိုးဖြစ်ပွားရင် လက်နဲ့ခြေဖျားကိုထိန်းချုပ်တဲ့ ဦးနှောက်အပိုင်းတွေကို သွေးအရောက်နည်းကာ ထိတွေ့မှုအာရုံခံနိုင်စွမ်းကျဆင်းကာ လူလည်းထုံနေတတ်တယ်။

**ပြောမယ့်စကား ပါးစပ်ဖျားရောက်မှမေ့သွားခြင်း။**

ပြောမယ့်စကား ပါးစပ်ဖျားရောက်မှမေ့သွားတာမျိုး မကြာမကြာကြုံရပြီဆိုရင် ဦးနှောက်အတွင်း သွေးအရောက်နည်းနေပြီဆိုတာ သတိပြုသင့်တယ်။ သွေးကြောပိတ်ကာ သွေးစီးဆင်းမှု လျော့နည်းလာခြင်းကြောင့် မှတ်ဉာဏ်ကိုအထောက်အကူပေးတဲ့ ဦးနှောက်အစိတ်အပိုင်းများကို သွေးအရောက်နည်းကာ ပြောမယ်ကြံစည်လိုက်၊ မေ့သွားလိုက်ဆိုတာမျိုး ပိုဖြစ်ပွားရပါတယ်။ ယင်းပြဿနာကြုံပြီဆိုရင် ကျွမ်းကျင်ဆရာဝန်နဲ့ပြသကာ လေမဖြတ်အောင် နေထိုင်မှုပုံစံပြုပြင်ရပါမယ်။


**ယိုင်တိယိုင်တိုင် ဖောဖောဖြစ်ခြင်း။**

လမ်းလျှောက်ရင်း မူးခနဲဆိုသလိုဖြစ်သွားကာ လူကယိုင်တိယိုင်တိုင်ဖြစ်သွားသလိုမျိုး ကြုံရပြီဆိုရင် လေဖြတ်အန္တရာယ် သတိပြုသင့်ပါတယ်။ ခန္ဓာကိုယ်ဟန်ချက်ကိုထိန်းတဲ့ ဦးနှောက်အပိုင်းများကို သွေးအရောက်နည်းတာကြောင့် ဦးနှောက်အလုပ်လုပ်နိုင်စွမ်းနည်းကာ ယိုင်တိယိုင်တိုင်ဖြစ်လာခြင်းပဲဖြစ်တယ်။ သွေးအရောက်နည်းရခြင်းဟာ ဦးနှောက်သွေးကြောတွေမှာ သွေးခဲတွေစုပိတ်လာခြင်းကြောင့် ဖြစ်လာနိုင်လို့ နောက်ဆုံးအဆင့်ထိပိတ်သွားကာ ဦးနှောက်သွေးရှိမှုရပ်သွားတာမျိုးမဖြစ်ခင် ကျွမ်းကျင်ဆရာဝန်နဲ့ပြသကာကုသမှုခံရမယ်။

**စကားပြောနေရင်း လျှာလိပ်ပြီး ဗလုံးဗထွေးထွက်လာခြင်း။**

အကိုက်အခဲပျောက်ဆေးတွေ သောက်ပြီးရင် ဘေးထွက်ဆိုးကျိုးက လျှာလိပ်ပြီး စကားဗလုံးဗထွေးဖြစ်တတ်တယ်။ ဘာဆေးမှမသောက်ဘဲ ဗလုံးဗထွေးဖြစ်လာပြီဆိုရင် လေဖြတ်မယ့်အန္တရာယ်ရှိပါတယ်။ သွေးကြောပိတ်ခြင်း (သို့) သွေးယိုစိမ့်ခြင်းကြောင့် ဦးနှောက်အတွင်းသွေးစီးဆင်းမှုနည်းကာ၊ စကားပြောဆိုမှုထိန်းချုပ်တဲ့ ဦးနှောက်အပိုင်းစွမ်းရည် ကျလာခြင်းဖြစ်နိုင်ပါတယ်။

ခန္ဓာကိုယ်မှ အာရုံကြောနာဗ် (၁၂) ချောင်း ထောက်ပံ့ထားရှိပြီး၊ လေဖြတ်ခါနီးမှာ စကားပြောတဲ့အသံအိုး၊ လျှာအထုတ်အသွင်း၊ ပါးစပ်အဖွင့်၊ အပိတ်ဖြစ်စေတဲ့ 'ဗေးဂတ်' Vagus Nerve ထောက်ပံ့မှု ပျက်ယွင်းသွားရင်လျှာလိပ်ပြီး စကားပြောနေရင်း ဗလုံးဗထွေးထွက်လာခြင်းပဲဖြစ်တယ်။ သတိထားမိရင် လေမဖြတ်အောင် ဆင်ခြင်နိုင်မှာပဲဖြစ်တယ်။ မိသားစုဆရာဝန်နဲ့ ပြသသင့်ပါတယ်။ အချို့လေဖြန်းသွားရင် အသံအိုးမှ အသံမထွက်ဘဲ ရှိတတ်တယ်။




**ခေါင်းတွေ မကြာမကြာကိုက်နေခြင်း။**

ဦးနှောက်ထဲမှာ မာဂျရင်းတွေများနေရင် ခေါင်းကိုက်တာထုံးစံပဲဖြစ်ပါတယ်။ 'မာဂျရင်း' မများဘဲ ကိုက်နေပြီဆိုရင်တော့ လေဖြတ်နိုင်ချေကို သတိထားသင့်ပါတယ်။ မာဂျရင်းများလို့ ခေါင်းကိုက်ခြင်းနဲ့ ဦးနှောက်ထဲသွေးမလောက်လို့ ခေါင်းကိုက်လာခြင်းဟာ ပုံစံခြင်းဆင်တူတတ်ပါတယ်။ သက်ဆိုင်ရာကျွမ်းကျင်ဆရာဝန်နဲ့ပြသစစ်ဆေးခံမှသာ အဖြေကိုတွေ့ရတတ်ပါတယ်။

ဦးနှောက်သွေးကြောတွေထဲ သွေးခဲများ အနည်အနှစ်များ စုပုံလာခြင်းကြောင့် သွေးကြောပိတ်ကာ ဦးနှောက်ဟာ သွေးလည်ပတ်မှုနှေးသွားခြင်း ယာယီရပ်ဆိုင်းခြင်းမျိုးဖြစ်ခြင်းကို လေဖြတ်ခြင်းလို့ ခေါ်ပါတယ်။ ဦးနှောက်သွေးကြောပေါက်ရင်လည်း ဦးနှောက်ဟာသွေးမရတော့ဘဲ လေဖြတ်နိုင်ပါတယ်။ အဓိကမှာသွေးကြောကို ပိတ်ဆို့နေတဲ့သွေးခဲနဲ့အနည်အနှစ်တွေ သွေးထဲနည်းနိုင်သမျှနည်းအောင် နေထိုင်ဖို့ဖြစ်တယ်။ ကိုလက်စထရောများစေတဲ့ အစားအစာများ ဥပမာအသင့်အမြန်စားအစားအစာ (snack) များဖြစ်တဲ့ ဟမ်ဘာဂါ၊ ဆင်းဒဝစ်၊ ပီဇာ၊ အာလူးချောင်းကြော်တို့ဟာ ဝက်ဆီ၊ ဆီအုန်း၊ နှစ်ခါပြန်ကြော်ဆီတို့နဲ့ စီမံထားရှိလို့ သွေးအတွင်း ကိုလက်စထရော များစေတယ်။ ဒါကြောင့် ရှောင်ရှားသင့်တယ်။

အိုင်တီ (IT-Information technology) ခေတ်မှာ 'အထိုင်' အလုပ်များလာတာနဲ့အမျှ လူတွေကာယအားကစားနည်းပါးလာတယ်။ လူတိုင်းနေ့စဉ်နာရီဝက်မှတစ်နာရီ အပြေးလမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးတစ်ခုခုလုပ်ပေးသင့်တယ်။ ပိုလျှံနေတဲ့ကယ်လိုရီတွေ ချွေးအဖြစ်ထွက်သွားလို့ အဆီအဖြစ်မစုဆောင်းနိုင်တော့လို့ အဝလွန်ခြင်း၊ ဆီးချို၊ နှလုံးသွေးတိုးနဲ့လေဖြတ်ခြင်းတို့မှ ကင်းဝေးစေလို့ လူတိုင်းနေ့စဉ်တစ်နာရီလောက်အားကစားလုပ်ပေးသင့်ပါတယ်။

ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုကောင်းအောင် တက်ကြွလှုပ်ရှားစွာနေထိုင်ခြင်း၊ နေ့စဉ်အားကစားလုပ်ပေးခြင်းကနေ သွေးအတွင်းမှ အမှိုက်ကင်းကာသွေးအားကောင်းပြီး လေဖြတ်ခြင်းမှ ကင်းဝေးနိုင်မှာဖြစ်တယ်။ ဆေးလိပ်၊ အရက်၊ ကွမ်းဖြတ်ရမယ်။ သွေးတိုးမျိုးရိုးရှိသူတွေ မိသားစုဆရာဝန်နဲ့ပြသပြီး အမြဲစွဲသောက်သင့်တဲ့ သွေးထိန်းဆေးစသဖြင့် သောက်သင့်ပါတယ်။

## အနာကျက်ဆေးရည်ထုတ်လုပ်မည့် တိုးချဲ့အဆောက်အဦ ပန္နက်တင်

မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်ရောင်း) တွင်တည်ဆောက်မည့် Povidine အနာကျက်ဆေးရည်ထုတ်လုပ်မည့် တိုးချဲ့အဆောက်အဦ ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာလ ၁၄ ရက်နေ့၊ နံနက်ကပြုလုပ်ရာ မင်္ဂလာအချိန်တွင် မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) မှ အထွေထွေမန်နေဂျာ (စီမံရေး၊ ထုတ်လုပ်ရေး) နှင့် မိသားစုရတနာဥယျာဉ်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ခေတ္တစက်ရုံမှူးနှင့် စက်ရုံမှတာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးကြပြီး ဆရာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ TV နှင့် Skynet တစ်စုံစီအား ဒုတိယအကြိမ်မြောက်လှူဒါန်း



ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ TV နှင့် Skynet စက်တစ်စုံစီအား Yunnan International Non- Government Organization Society နှင့် Yangon Noble Language Center တို့ပူးပေါင်းကာ စက်တင်ဘာလ ၁၈ ရက်နေ့၊ နေ့လယ် ၂ နာရီက ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေး ကျောင်းတွင် ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် တရုတ်နိုင်ငံသံရုံးမှတာဝန်ရှိသူများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

'ကျွန်မတို့အနေနဲ့ ပရဟိတကျောင်းဖြစ်တဲ့ ဒီလိုဘုန်းတော်ကြီးကျောင်းက ကလေးသူငယ်တွေအတွက် စာသင်မှုပိုင်းပဲမဟုတ်ဘဲ တခြားအပြင်ဗဟုသုတရစေရန်ရည်ရွယ်ပြီး အခုလို TV နှင့် Skynet တွေကို လှူဒါန်းခြင်းဖြစ်ပါတယ်။ နောက်ပြီး ဒေသခံဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေအတွက် ဒီလိုပစ္စည်းတွေကိုလှူဒါန်းပေးရခြင်းအတွက် နှစ်နိုင်ငံရဲ့ဆက်ဆံရေးမှာလည်း ဒီ့ထက်မက တိုးတက်ကောင်းမွန်လာစေတဲ့အပြင် တခြား NGO အဖွဲ့အစည်းများမှလည်း ပါဝင်ကူညီလာစေမှာဖြစ်ပါတယ်' ဟု Yunnan International Government Organization Society မှ မစ္စတာလီရုတ်စန်းက ပြောသည်။

TV နှင့် Skynet စက်များကို ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၈၀ ကျော်ကို ဒုတိယအကြိမ်မြောက် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းနှင့်အနောက်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၀၀ ကို ယခုနှစ်ဇန်နဝါရီလတွင် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရသည်။

**KMC**

## ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်

ဝိဘင်္ဂအနုဋီကာကြေးပိဋကတ်တော် အလှူရှင်



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊
ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်းနေ
ဦးတင်အုန်း + ဒေါ်တင်ကြည်မိသားစုမှ
ဦးတင်အုန်း၏ (၇၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ်
ကြေးပြား (၁၀)ချပ် ၊ တန်ဖိုး – ၂၆၀၀၀၀ ကျပ်ကို
၁.၁၀.၁၆ (စနေနေ့)က
ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ
လာရောက်လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရာဌာန – မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းပေါ့မို့ရွှေ)၊ ကြားတောရရပ်ကွက်၊ မဟာန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၀၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။

## ကြေးပိဋကတ်တိုက် ဓမ္မစေတီတော် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပခြင်း

ကြေးပိဋကတ်ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဦးဆောင်ပြီး အလှူရှင် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ကြေးပိဋကတ်တော်များ ထည့်သွင်း ကိုးကွယ် ထားရှိမည့်



ကြေးပိဋကတ်တိုက်ဓမ္မစေတီ တည်ထားရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက်နေ့ နံနက် ၆နာရီခွဲက မဟာန်းမြို့နယ် ကျောင်းတော်ရာ ရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ ကျင်းပခဲ့ပါသည်။

ရှေးဦးစွာ ပရိသတ်များက ရွှေဟင်္သာမဟာဓာတုကျောင်း ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒထံမှ ငါးပါးသီလ ခံယူဆောက် တည်ကြပြီး အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

နံနက် ၇နာရီခွဲတွင် ပန္နက်တင်မင်္ဂလာ အချိန်ကျရောက်သဖြင့် ဆရာတော်ကြီးများ ဦးဆောင်ကာ ပန္နက်တင် ခဲ့ကြကြောင်း သိရပါသည်။

ဆက်သွယ်လှူဒါန်းရာဌာန – မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းပေါ့မို့ရွှေ)၊ ကြားတောရရပ်ကွက်၊ မဟာန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၀၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။

## ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာပြည်သူများအတွက် အလှူငွေလှူဒါန်း

ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာပြည်သူများအတွက် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခြင်းကို စက်တင်ဘာလ ၂၀ ရက်နေ့၊ နေ့လယ် ၁ နာရီက အောင်မြေသာစံမြို့နယ်၊ ၆၄ လမ်းနှင့် ၂၇ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပသည်။



အဆိုပါ အလှူငွေပေးအပ်ပွဲသို့ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အမှုဆောင်များတက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကျပ်သိန်း ၁၀၀ ပေးအပ်

စာမျက်နှာ ၁၇ သို့-

## ကျောင်းဝတ်စုံများ လှူဒါန်းပွဲကျင်းပ

**လွင်ဟိန်းထက်**



ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်ရှိ အမှတ် (၆) အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာလ ၁၁ ရက်နေ့၊ နေ့လယ် ၁၂ နာရီတွင် ကျောင်းသား၊ ကျောင်းသူ ၃၈၉ ဦးအတွက် ကျောင်းဝတ်စုံနှင့် ရုံးခန်းသုံးကုလားထိုင်များကို သပြေကလေးလူငယ်ပညာရေးနှင့် ကျန်းမာရေးထောက်ပံ့မှုအဖွဲ့၊ Hope Bridge အဖွဲ့တို့မှလှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးအေးလွင်၊ ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌ ဦးမြင့်ချိုတို့က လက်ခံခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ ကျောင်းအကျိုးဆောင်များ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ မိဘများ၊ သပြေအဖွဲ့ဒါရိုက်တာ ဦးမောင်ဇော်နှင့် သပြေအဖွဲ့သားများ တက်ရောက်ခဲ့ကြသည်။ အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးပြီး နေ့လယ် ၁ နာရီတွင် အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# 'ကူးစက်ရောဂါကာကွယ်ဖို့ လက်ကိုစင်အောင်ထားကြစို့'

✍ ဒေါက်တာခင်ခင်ထွေး

ယခင်လများက မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ H1N1 တုပ်ကွေးရောဂါကြောင့် လူအများကြောက်ရွံ့ထိတ်လန့်ခဲ့ကြပါတယ်။ ငွေကြေးတတ်နိုင်သူတွေက ဈေးကြီးပေးပြီးကာကွယ်ဆေးထိုးဖို့ ကြိုးစားခဲ့ကြပေမယ့် ဆေးမရှိလို့ မထိုးလိုက်ရတဲ့သူတွေလည်းရှိကြပါတယ်။ တုပ်ကွေးကာကွယ်ဆေးရဲ့ သဘောသဘာဝက အခြားကာကွယ်ဆေးတွေလို ဆေးပတ်လည်အောင်ထိုးပြီး၊ တစ်သက်စာအတွက် လုံလောက်သွားတဲ့ဆေးမျိုးမဟုတ်ပါ။ တုပ်ကွေးကာကွယ်ဆေးရဲ့အာနိသင်က တစ်နှစ်ပဲခံပါတယ်။

နှစ်စဉ်တုပ်ကွေးရာသီ မပေါ်ပေါက်ခင်ကတည်းက ကြိုပြီးထိုးထားရမယ့်ဆေးပါ။ လေးရာသီရှိတဲ့ နိုင်ငံတွေမှာတော့ ဆောင်းရာသီမှာ တုပ်ကွေး အဖြစ်များကြတဲ့အတွက် ဆောင်းဦးကာလတွေမှာ ဆေးကိုကြိုပြီးထိုးထားကြပါတယ်။ သုံးရာသီသာရှိတဲ့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံမျိုးမှာတော့ မိုးတွင်းကာလတွေမှာ တုပ်ကွေးပိုင်းရပ်စ်ပိုးတွေဟာ လွယ်ကူစွာနဲ့ပျံ့နှံ့ပြီး ကူးစက်တတ်ကြပါတယ်။ ဒါကြောင့် ပုံမှန်အားဖြင့် မိုးရာသီမတိုင်ခင်ကတည်းက ကာကွယ်ဆေးကို ကြိုပြီးထိုးထားသင့်ပါတယ်။ ဒါပေမဲ့ အချို့နှစ်တွေမှာ ကိုယ်ကကြိုတင်ထိုးထားတဲ့ ကာကွယ်ဆေးနဲ့မတူညီတဲ့ မျိုးဗီဇအသွင်ကူးပြောင်းသွားတဲ့ ဗိုင်းရပ်စ်မျိုးတွေနဲ့ကြုံရင်တော့ ထိုးလိုက်တဲ့ကာကွယ်ဆေးဟာ အာနိသင်မရှိဖြစ်သွားနိုင်ပါတယ်။ ဥပမာအားဖြင့် ကိုယ်က H1N1 တုပ်ကွေးရောဂါကာကွယ်ဆေးကို ကြိုထိုးခဲ့ပေမယ့်၊ ဒီနှစ်မှာဖြစ်တဲ့ တုပ်ကွေးရောဂါက H3N2 ဗိုင်းရပ်စ်ပိုးမျိုးဆိုရင်တော့ ရောဂါကို မကာကွယ်နိုင်ပါဘူး။

ဒါကြောင့် ရာသီတုပ်ကွေးရောဂါတွေအတွက် လွယ်ကူတဲ့ကာကွယ်နည်းကတော့ လူထူထပ်တဲ့နေရာတွေမသွားပါနဲ့။ ဒီရောဂါက လူလူချင်းကူးစက်တာကြောင့်ဖြစ်ပါတယ်။ မသွားမနေရ သွားရမယ်ဆိုလျှင်လည်း နှာခေါင်း၊ ပါးစပ်အုပ်နိုင်တဲ့ Mask မျိုးကို တပ်သွားရပါမယ်။ ပြီးတော့ရောဂါပိုးတွေ အလွယ်တကူကူးစက်မခံရအောင် မိမိကိုယ်ကိုကိုယ်ခံအားကောင်းအောင်နေပါ။ အာဟာရရှိတာတွေ စားမယ်၊ အိပ်ရေးဝအောင် အိပ်မယ်။ ပေါ့ပါးတဲ့ကိုယ်လက်လှုပ်ရှားမှုလေးတွေ လုပ်ဖို့လိုပါတယ်။

အဓိကအချက်ကတော့ မိမိရဲ့လက်ကို အမြဲပဲသန့်စင်နေအောင်ထားရပါမယ်။ ဒီရောဂါပိုးက ပါးစပ်၊ နှာခေါင်းကနေတစ်ဆင့် လူရဲ့ခန္ဓာကိုယ်ထဲကို ဝင်သွားကြတာပါ။ Mask ကို တပ်ထားပေမယ့် ညစ်ပေနေတဲ့လက်နဲ့ Mask ကိုကိုင်တာ၊ အစာကို ကိုင်စားတာ၊ နှာခေါင်းနဲ့ ပါးစပ်ဝန်းကျင်တွေ သွားထိမိပြီဆိုလျှင်တော့ ကူးစက်နိုင်ပြီပေါ့။ ဒါကြောင့် လက်ကိုအမြဲသန့်စင်နိုင်အောင် ဆပ်ပြာနဲ့သေချာစွာဆေးကြောရပါမယ်။ ဆေးကြောဖို့မလွယ်ကူတဲ့ လူတွေအတွက် အကောင်းဆုံးအဆောင်ကတော့ Hand Sanitizer ဆိုတဲ့ လက်သန့်စင်ဆေးရည်ကိုပဲ အသုံးပြုခြင်းဖြစ်ပါတယ်။

အခုတလော H1N1 ရာသီတုပ်ကွေးရောဂါဖြစ်ပြီး နောက်ပိုင်းမှာ မြို့ကြီးတွေရဲ့ Super Market၊ ဆေးရုံ၊ ဘဏ်နဲ့အချို့စားသောက်ဆိုင်တွေရဲ့ အဝင်ဝတွေမှာ လက်ကိုအလွယ်တကူသန့်စင်နိုင်ဖို့ Hand Sanitizer ဆေးရည်ဘူးလေးတွေ ထားရှိထားတာကို တွေ့ရှိနိုင်ပါတယ်။ အချို့ကျန်းမာရေးဗဟုသုတရှိတဲ့ လူတွေလည်း အိတ်ဆောင်ဘူးလေးတွေနဲ့ သွားလေရာ သယ်ဆောင်သွားတာကိုလည်း တွေ့ရမှာပါ။ အခုဆိုရင် လူသုံးများလာကြလို့ ဈေးနှုန်းကလည်း အရင်ထက်စာလျှင် ၂ ဆလောက်မြင့်တက်သွားပါပြီ။ အဓိက ကတော့ ဝယ်လိုအားလိုက်လာလို့ပါပဲ။

တကယ်တော့ Hand Sanitizer ပြုလုပ်နည်းဟာ လွယ်ကူရိုးရှင်းပါတယ်။ အနောက်နိုင်ငံတွေမှာဆို ကိုယ့်ရဲ့အိမ်မှာပဲ Home Made အနေနဲ့ဖျော်စပ်ပြီး အသုံးပြုနေကြပါတယ်။ အဓိကလိုအပ်တဲ့ ကုန်ကြမ်းကတော့ ပြင်းအား ၉၀ ရာခိုင်နှုန်းအထက်ရှိတဲ့အရက်ပါပဲ။ အရက်ပြင်းကို အသုံးပြုထားတဲ့အတွက်ကြောင့် သာမန်ရောဂါပိုးမွှားတွေကို မိနစ်အနည်းငယ်အတွင်းမှာ သေဆုံးစေနိုင်တဲ့အတွက် လက်ကိုသန့်စင်ပြီးသားဖြစ်စေပါတယ်။ ဒါပေမဲ့ အရက်ပြင်းနဲ့ပဲ လက်ကိုသန့်စင်ကြမယ်ဆိုလျှင် အရေပြားလောင်သွားနိုင်တာတွေဖြစ်နိုင်တဲ့အတွက် လက်ကိုချောဆီဖြစ်စေမယ့် ရှားစောင်းလက်ပတ်အနှစ်၊ အလှဆီတို့နဲ့ အချိုးကျဖျော်စပ်ထားတာပါ။ အဲဒါကိုမှ ကိုယ်ကြိုက်နှစ်သက်ရာ အနံ့လေးထည့်ပြီးတော့လည်း ဖျော်စပ်နိုင်ပါသေးတယ်။

ဒီလိုလွယ်ကူရိုးရှင်းပြီး လူတွေအတွက် အကျိုးရှိစေမယ့် လက်သန့်စင်ဆေးရည် Hand Sanitizer ကို မြန်မာနိုင်ငံရဲ့ ဆေးဝါးစက်ရုံတွေမှာ အများကြီးထုတ်လုပ်နိုင်ခဲ့မယ်ဆိုရင်တော့ အစိုးရနဲ့ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းနှင့်အခြားလုပ်ငန်းတွေကို ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်အောင် ရောင်းချနိုင်မှာဖြစ်ပြီး ဈေးနှုန်းသက်သာစွာနဲ့ လူတိုင်းအသုံးပြုနိုင်အောင် ထုတ်လုပ်နိုင်မယ်ဆိုရင်တော့ လူတွေအားလုံးရဲ့လက်တွေဟာ အစဉ်သန့်စင်နေမှာဖြစ်တဲ့အတွက် လက်ကနေတစ်ဆင့် ရောဂါရနိုင်တဲ့ ရာသီတုပ်ကွေးရောဂါအပြင် အခြားကူးစက်ရောဂါတွေကိုလည်း မဖြစ်ပွားနိုင်အောင် ကာကွယ်ပေးနိုင်မယ်လို့ ထင်မြင်မိပါတယ်။ ❑

## စနစ်တကျ လက်ဆေးနည်း




# ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် နှလုံးကျန်းမာရေး ပညာပေးဟောပြော

သီဟကိုကို (မန္တလေး)



မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနှင့် နိုင်ငံခြားဆေးကုမ္ပဏီများပူးပေါင်း၍ ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် နှလုံးကျန်းမာရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၃ ရက်နေ့၊ နံနက် ၉ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ ရှိ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၊ နှလုံးဆေးကုသဆောင်သစ်တွင် ကျင်းပရာ နှလုံးရောဂါအထူးကုဌာန ပါမောက္ခ/ဌာနမှူး (ငြိမ်း) ဒေါက်တာထွန်းရွှေ၊ နှလုံးရောဂါအထူးကုဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာသန်းသန်းကြိုင်နှင့် တွဲဖက်ပါမောက္ခများ၊ နှလုံးအထူးကုဆရာဝန်များ၊ နှလုံးရောဂါကုသဆောင်မှ သူနာပြုဆရာမများ၊ ဝန်ထမ်းများ၊ စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နှလုံးရောဂါအထူးကုဌာန ပါမောက္ခ/ဌာနမှူး (ငြိမ်း) ဒေါက်တာထွန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး နှလုံးရောဂါအထူးကုဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာသန်းသန်းကြိုင်က သွေးတိုးရောဂါဖြစ်ပွားရခြင်း၊ သွေးတိုးရောဂါအဆင့် သတ်မှတ်ချက်၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးကျဆေးသောက်ခြင်း၊ သွေးကြောနံရံထူလာခြင်း၊ သွေးဖိအားနှင့် နှလုံးရောဂါဆက်နွယ်မှု၊ သွေးပေါင်ချိန်မြင့်မားခြင်းသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါများ၏ အကြောင်းရင်းဖြစ်သဖြင့် သွေးပေါင်မှန်မှန်ချိန်ရန်နှင့် ကိုယ်လက်လှုပ်ရှားခြင်း၊ လမ်းလျှောက်ခြင်းလုပ်ရန်တို့ကို ဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများအား ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်များနှင့် လက်ဆောင်ပစ္စည်းများအား နှလုံးအထူးကုဌာန ပါမောက္ခနှင့်တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၁၆ မှ-

လျှဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

အလားတူ စက်တင်ဘာလ ၂၀ ရက်နေ့ကလည်း မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များအသင်းကလည်း ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာပြည်သူများအတွက် ကျပ် ၂၀,၄၄၁,၀၀၀ ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သီဟကိုကို (မန္တလေး)**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မန္တလေးမြို့ရှိ အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၂၁ ရက်နေ့၊ ညနေ ၅ နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် ၆၂ လမ်း၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြားရှိ မနော်ရမ္မံပြည်သူ့ကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်အစိုးရအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့ရှိ အရပ်ဘက်အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးမြတ်နိုးသူများ တက်ရောက်အားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် မန္တလေးမြို့ရှိ အရပ်ဘက်အဖွဲ့အစည်းများ၊ ကျောင်းသား၊ကျောင်းသူများက မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းစေရေး ချိုးငှက်နှင့် အပြာရောင်မိုးပျံဘောလုံးများ လွှတ်တင်ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ ညီပုလေးက အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ဖြစ်ပေါ်လာပုံကို ပြောကြားသည်။ ဆက်လက်၍ အရပ်ဘက်အဖွဲ့အစည်းများက ငြိမ်းချမ်းရေးဆုတောင်းစကားပြောကြားခြင်း၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ သဘောထားထုတ်ပြန်ချက် ဖတ်ကြားခြင်း၊ ငြိမ်းချမ်းရေးကဗျာ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

၁၉၈၁ ခုနှစ်၊ ကုလသမဂ္ဂအထွေထွေညီလာခံက စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အဖြစ်သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံများတွင် ပုံစံအမျိုးမျိုးဖြင့်ကျင်းပကြသည်။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်ကစတင်ကျင်းပခဲ့ရာ ယခုနှစ်သည် ဆဋ္ဌမအကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**



## Colgate ကမ္ဘာလုံးဆိုင်ရာပန်းချီပြိုင်ပွဲ၏ ဆုရရှိသူများတွင် မြန်မာကျောင်းသားများပါဝင်

**KMC**

Colgate-Palmolive ၏ ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သည့် 'တောက်ပသောအပြုံး၊ တောက်ပသောအနာဂတ်' အစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည့်အခမ်းအနားကို ပြီးခဲ့သည့်အပတ်က ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။ ၎င်းကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တွင် ဆုရရှိသူများမှာ မြန်မာနိုင်ငံရှိအနယ်နယ်အရပ်ရပ်မှ ထူးချွန်သောပန်းချီပညာပါရမီရှင်လေးများ ဖြစ်ကြသည်။ အဆိုပါပြိုင်ပွဲသည် မြန်မာပြည်တွင် တတိယအကြိမ်မြောက် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး နိုင်ငံအနှံ့မြို့နယ်ပေါင်း ၂၈ မြို့နယ်မှ ကျောင်းသားကျောင်းသူပေါင်း ၁၄၇ ဦးက ၎င်းတို့၏ပန်းချီကားများကိုပေးပို့ကာ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်သူများအနက် ပြည်တွင်းအဆင့်ပြိုင်ပွဲတွင် ၁၂ ဦးဆုရရှိခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် ၁ ဦး ဆုရရှိခဲ့ခြင်းဖြစ်သည်။

Colgate ၏ကမ္ဘာလုံးဆိုင်ရာ ပန်းချီပြိုင်ပွဲသည် အသက် ၆ နှစ်မှ ၉ နှစ်အရွယ် ကလေးများအကြား သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုအသိပညာ မြှင့်တင်ရေးအတွက် ကနဦးခြေလှမ်းတစ်ခုဖြစ်သည်။ နှစ်စဉ်ကျင်းပသည့် အဆိုပါပန်းချီပြပွဲကို ကလေးငယ်များအနေဖြင့် ၎င်းတို့၏ သွားနှင့်ခံတွင်းကျန်းမာရေးကို ကိုယ်တိုင်တာဝန်ယူလာနိုင်ရန်နှင့် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုမှတစ်ဆင့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ Colgate သည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း ၈၀ မှကလေးငယ်ထောင်ပေါင်းများစွာ၏ ပြိုင်ပွဲဝင်ပန်းချီကားများကို လက်ခံရရှိခဲ့သည်။ ကလေးငယ်တစ်ဦးချင်းစီသည် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အလေ့အထနှင့်သက်ဆိုင်သည့် ပန်းချီကားတစ်ချပ်စီကို ရေးဆွဲပေးပို့ရပြီး ၎င်းတို့အထဲမှ ၁၂ ဦးကို နိုင်ငံတကာအဆင့် ဆုရရှိသူများအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ပန်းချီပြိုင်ပွဲတွင် မြန်မာနိုင်ငံမှပြည်တွင်းအဆင့် ဆုရရှိသောကျောင်းသားကျောင်းသူများအနေဖြင့် ပညာသင်ဆုကြေးအဖြစ် ဒေါ်လာ ၁၅၀၊ စာရေးကိရိယာနှင့် ကျောင်းသုံးပစ္စည်းများအပြင် Colgate မှချီးမြှင့်သည့် အသိအမှတ်ပြုလက်မှတ်များကိုရရှိမည်ဖြစ်သည်။ နိုင်ငံတကာအဆင့် ဆုရရှိသူများအနေဖြင့် ဒေါ်လာ ၂၅၀၊ စာရေးကိရိယာနှင့် ကျောင်းသုံးပစ္စည်းများအပြင် Colgate မှချီးမြှင့်သည့် အသိအမှတ်ပြုလက်မှတ်များကို ရရှိမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာအဆင့်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေသည့် စာသင်ကျောင်းကိုလည်း Colgate-Palmolive မှ စာသင်ခန်းထောက်ပံ့ကြေးဆုငွေအဖြစ် ဒေါ်လာ ၅၀၀ နှင့် အသိအမှတ်ပြုလက်မှတ်ကိုလည်း ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

## Suzuki ကားကို လစဉ်ဝင်ငွေကျပ် ဆယ်သိန်းနှင့် အထက်ရရှိသူများ မြန်မာ့ရှေ့ဆောင်ဘဏ်မှတစ်ဆင့် အရစ်ကျဝယ်ယူနိုင်မည်

**KMC**



Suzuki ကားကို လစဉ်ဝင်ငွေကျပ်ဆယ်သိန်းနှင့် အထက်ရရှိသူများ မြန်မာ့ရှေ့ဆောင်ဘဏ်မှတစ်ဆင့် အရစ်ကျဝယ်ယူရရှိနိုင်တော့မည်ဖြစ်ကြောင်း စက်တင်ဘာလ ၂၅ ရက်နေ့က ဆီဒိုးနားဟိုတယ်၌ကျင်းပပြုလုပ်သော စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲမှသိရသည်။

မြန်မာ့ရှေ့ဆောင်ဘဏ်နှင့်ပူးပေါင်းဆောင်ရွက်သည့် Smart Auto Finance အစီအစဉ်တွင် ဝယ်ယူနိုင်မည့် (CIAZ) ကားကိုငွေကျပ် ၂၄၅ သိန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး (ERTIGA) ကားကို ငွေကျပ်သိန်း ၂၃၀ ဖြင့်ရောင်းချမည်ဖြစ်ကြောင်း၊ ဝယ်ယူသူများအနေဖြင့် ယခင်အရစ်ကျများကဲ့သို့ အာမခံပေးမည့်သူတင်ပြရန်မလိုတော့ကြောင်း၊ ဝန်ဆောင်ခနှင့်အရောင်းကော်မရှင်ခအား ပေးရန်မလိုတော့ကြောင်း၊ လက်ငင်းငွေချေမှုအား ၂၅ ရာခိုင်နှုန်းပေးရုံဖြင့် စတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အရစ်ကျဝယ်ယူလိုသူများအနေဖြင့် ဝန်ထမ်းဖြစ်ပါက အလုပ်လုပ်ကြောင်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ လစာရှင်းတမ်းစာရွက်နှင့် အခွန်ပြေစာများလိုအပ်မည်ဖြစ်ပြီး ကိုယ်ပိုင်လုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းလိုင်စင်၊ တခြားဝင်ငွေ၏အရင်းအမြစ်၊ မကြာမီက စာရင်းစစ်ထားသော ကုမ္ပဏီအရှုံးအမြတ်ရှင်းတမ်း၊ ဘဏ်စာရင်းရှင်းတမ်း၊ အခွန်ပြေစာ သုံးလစာတို့အားလိုအပ်မည်ဖြစ်ကြောင်း၊ အရစ်ကျကားဝယ်ယူမှုအား လစဉ်ဝင်ငွေကျပ်ဆယ်သိန်းနှင့် အထက်ရှိသူများသာ လျှောက်ထားနိုင်ကြောင်း သိရသည်။

# ကျည်ဆန်ရထားပြေးဆွဲဖို့ အမေရိကန်နိုင်ငံ စီစဉ်နေ

**ထက်မြတ်ထွန်း**



အားလုံးသိကြတဲ့အတိုင်း ဂျပန်နိုင်ငံဟာ ရှင်ဂန်းဆန်လို့ခေါ်တဲ့ ကျည်ဆန်ရထားကို အသုံးပြုပြီး သက်တောင့်သက်သာခရီးသွားလာနိုင်ခဲ့တာ နှစ်ပေါင်း ၅၃ နှစ်ကြာခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ အမေရိကန်နိုင်ငံဟာလည်း ဂျပန်ကိုအမှီလိုက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

အမေရိကန်နိုင်ငံရဲ့ပုဂ္ဂလိကရထားကုမ္ပဏီတစ်ခုဖြစ်တဲ့ Texas Central ကုမ္ပဏီဟာ Houston နဲ့ Dallas ပြည်နယ်တွေကို ၁ နာရီ မိုင် ၂၀၀ နှုန်းပြေးဆွဲနိုင်တဲ့ N700-I ကျည်ဆန်ရထားကို ဂျပန်ရှင်ဂန်းဆန်ရထားအားအခြေခံပြီး တည်ဆောက်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ယင်းကျည်ဆန်ရထားကိုသာ အကောင်အထည် ဖော်နိုင်ခဲ့မယ်ဆိုရင် ၎င်းပြည်နယ်နှစ်ခုကို ကားနဲ့သွားလျှင်ကြာချိန်ထက် ၂ နာရီလျော့ချနိုင်မှာဖြစ်သလို လေယာဉ်နဲ့သွားရင်ကြာချိန်ထက် (Check-in ဝင်ချိန်၊ လုံခြုံရေးစစ်ဆေးချိန်၊ ပျံသန်းရန်ကြာချိန် အပါအဝင်) ၁ နာရီလျော့ချနိုင်မှာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှာ ကျည်ဆန်ရထားရရှိရေးအိပ်မက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ကုန်ကျစရိတ်တွေကို အစိုးရအထောက်အပံ့နှင့် ပြည်နယ်အခွန်အခတို့မှ ကျခံသုံးစွဲမှာမဟုတ်ဘဲ ရင်းနှီးမြှုပ်နှံသူတွေမှ ကျခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၎င်းကျည်ဆန်ရထားစီမံကိန်းကို ဆောင်ရွက်ဖို့အတွက် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ခန့်မှန်းကုန်ကျမှာဖြစ်ပေမယ့် ယင်းရထားသာပြေးဆွဲနိုင်ခဲ့မယ်ဆိုရင် ၂၅ နှစ်အတွင်း အမြတ်အစွန်းအနေနဲ့ အမေရိကန်ဒေါ်လာ ၃၆ ဘီလီယံ ပြန်လည်ရရှိနိုင်တယ်လို့ ခန့်မှန်းတွက်ချက်ရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်ကလည်း Florida ပြည်နယ်မှာ ကျည်ဆန်ရထားတည်ဆောက်ရေးအဆိုကို ပြည်နယ်အနေနဲ့ အမေရိကန်ဒေါ်လာ ၃ ဘီလီယံ စိုက်ထုတ်ကျခံရမှာတွေးပူပြီး Rick Scott ပြည်နယ်အစိုးရက ပယ်ချခဲ့ပါတယ်။

လက်ရှိအနေနဲ့ ဒီ N700-I ကျည်ဆန်ရထားစီမံကိန်းကို ဆောင်ရွက်ဖို့အတွက် သဘောတူညီချက်ရရှိထားပြီးဖြစ်ပေမယ့် အမေရိကန်နိုင်ငံအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ မှီငြမ်းအတုယူရမယ့် အကိုးအကား အချက်အလက်တွေ မရှိသေးပါဘူး။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် California ပြည်နယ်မှာလည်း အလားတူစီမံကိန်းမျိုးဆောင်ရွက်ဖို့ကို ၂၀၀၈ ခုနှစ်ထဲက သဘောတူညီမှုရရှိပြီးဖြစ်ပေမယ့် ရထားလမ်းကို ၁၁၉ မိုင်စာ ဖောက်လုပ်ပြီးတဲ့အချိန်မှာ ကုန်ကျစရိတ်ဟာ သတ်မှတ်ကုန်ကျစရိတ်ထက် ၅၀ ရာခိုင်နှုန်း ပိုမိုကုန်ခဲ့တဲ့အတွက် စီမံကိန်းဆက်လက်ဆောင်ရွက်ဖို့ စဉ်းစားနေတုန်းပဲဖြစ်ပါတယ်။ 2016 Business Plan အရ ယင်းစီမံကိန်းအတွက် ကုန်ကျစရိတ်ကို အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံလျာထားခဲ့တာ ဖြစ်ပါတယ်။

အကယ်၍သာ Texas ပြည်နယ်မှာ ကျည်ဆန်ရထားသာ အမှန်တကယ်အကောင်အထည်ဖော်နိုင်ခဲ့မယ်ဆိုရင် ယင်းရထားရဖို့အရေး နှစ်ပေါင်းများစွာကြာမှပဲ ရရှိတော့တယ်လို့ ဆိုရပါတော့မယ်။ ဒါပေမဲ့ ဒါဟာ အမေရိကန်နိုင်ငံရဲ့အချက်အချာပြည်နယ်တွေကို ကျည်ဆန်ရထားကြီးနဲ့ ပျော်ပျော်ကြီးမဖြတ်သန်းနိုင်ဘူးလို့ဆိုလိုတာမဟုတ်ရပါ။

**Source : http://mic.com/articles/179916/**

# ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့အကြီးဆုံး အာကာသလေယာဉ်လွှတ်တင်ရန် တရုတ်စီစဉ်နေ

**ခင်နှင်းသက်**

'ဒုံးပျံနဲ့လေယာဉ်ပေါင်းစပ်ထားတဲ့ အာကာသလေယာဉ် (Spaceplane) က သင့်ကိုတင်ဆောင်ပြီး အာကာသထဲကို ခေါ်ဆောင်သွားမယ်လို့ စိတ်ကူးယဉ်ဖူးပါသလား'။

ဒါဟာ စိတ်ကူးယဉ်မှုတစ်ခု မဟုတ်တော့ပါဘူး။ တရုတ်နိုင်ငံက နောင်နှစ်အနည်းငယ်မှာ အကောင်အထည်ဖော်သွားတော့မှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံရှိ China Academy of Launch Vehicle Technology က ၎င်းတို့အနေနဲ့ ကမ္ဘာ့အကြီးဆုံး အာကာသလေယာဉ်ကို ဖန်တီးပေးမယ်လို့ မက္ကဆီကိုနိုင်ငံမှာ ကျင်းပခဲ့တဲ့ International Astronautical Congress (IAC) မှာ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဘေဂျင်းအခြေစိုက် အဆိုပါအကယ်ဒမီဟာ အာကာသယာဉ်ရဲ့ဒီဇိုင်းကို ရေးဆွဲနေပြီဖြစ်ပြီး ၂၀၂၀ ခုနှစ်မှာ လွှတ်တင်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။


ခရီးသည်တင်ယာဉ်ကို ဒုတိယလေယာဉ်နဲ့ သယ်ဆောင်ဖို့လိုတဲ့ Virgin Galactic ရဲ့ SpaceShip 2 နဲ့မတူတာကတော့ တရုတ်ရဲ့ဒုံးပျံဟာ ခရီးသည်တင်ယာဉ်ကို ၎င်းနဲ့အတူ တစ်ပါတည်း သယ်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။ အကယ်ဒမီရဲ့ခေါင်းဆောင် ဟန်ဖန်ရှင်းက အဲဒီအာကာသလေယာဉ်ကို ဘယ်လိုလွှတ်တင်မယ်ဆိုတာ ရှင်းပြရမှာတော့ 'အဲဒီလေယာဉ်ကို ဒုံးပျံလိုပဲဒေါင်လိုက်အနေအထားနဲ့ လွှတ်တော်မှာဖြစ်ပြီး မြေပြင် (သို့) ဆင်းသက်ရန်ကြားခံ မလိုဘဲ ပြေးလမ်းပေါ်မှာအလိုအလျောက် ဆင်းသက်နိုင်မှာဖြစ်တယ်' လို့ ဆိုပါတယ်။

လတ်တလောမှာ အာကာသလေယာဉ် ၂ စင်း တည်ဆောက်နေပြီဖြစ်ပါတယ်။ တစ်စင်းကတော့ အလေးချိန် ၁၀ တန်၊ တောင်ပံအလျား ၆ မီတာရှိပြီး ခရီးသည် ၅ ဦးတင်ဆောင်နိုင်မှာဖြစ်ပါတယ်။ အခြားတစ်စင်းကတော့ အလေးချိန်နဲ့တောင်ပံအလျား ၂ ဆခန့် ပိုမိုလာမှာဖြစ်ပြီး ခရီးသည် ၂၀ ဦးတင်ဆောင်နိုင်မှာဖြစ်ပါတယ်။ အာကာသလေယာဉ်ကို ထပ်ခါထပ်ခါ အသုံးပြုနိုင်အောင် ဒီဇိုင်းပြုလုပ်ထားပြီး အသုံးပြုနိုင်တဲ့ သက်တမ်းအနေနဲ့ အကြိမ် ၅၀ ပျံသန်းနိုင်မယ်လို့ ဆိုပါတယ်။

တချို့ကတော့ အဆိုပါဒီဇိုင်းဟာ ဖြစ်နိုင်ချေရှိပါ့မလားဆိုတာ သံသယရှိနေကြပါတယ်။ သံသယဖြစ်နေသူတွေထဲက 'Smithsonian Institution ရဲ့ National Air and Space Museum Spaceflight Expert ဖြစ်သူ Roger Launius က သမားရိုးကျမဟုတ်တဲ့ အချက်က ခရီးသည် ၂၀ လောက်ကို ၁၀၀ ကီလိုမီတာကျော်အထိ အမိကလေယာဉ်မပါတဲ့ ဒုံးပျံနဲ့သယ်ဆောင်သွားနိုင်တယ်လို့ ယုံကြည်နေတာရယ်၊ အကြိမ် ၅၀ လောက်ထိ ပြန်လည်အသုံးပြုနိုင်တယ်ဆိုတာကို သံသယရှိနေတယ်လို့' ဆိုပါတယ်။

ဒါပေမဲ့ တရုတ်အကယ်ဒမီဘက်ကတော့ အာကာသလေယာဉ်ပိုမိုလိုအပ်လာတာနဲ့အမျှ သူတို့ရဲ့တိုးတက်မှုလည်း ပိုများလာမယ်လို့ ယုံကြည်နေပါတယ်။ IAC မှာတင်ပြခဲ့တဲ့ စာတမ်းမှာတော့ 'အာကာသလေယာဉ်စီးဖို့ စိတ်ဝင်စားသူတွေ ပိုမိုများလာတယ်လို့' ဖော်ပြထားပါတယ်။ ဟန်ဖန်ရှင်းကတော့ ဒီလိုမျိုးအာကာသယာဉ်ကိုစီးဖို့အတွက် ကုန်ကျစရိတ်အနေနဲ့ အမေရိကန်ဒေါ်လာ ၂ သိန်းကနေ ၂ သိန်းခွဲအထိ ရှိနိုင်တယ်လို့ ခန့်မှန်းပြောပြထားပါတယ်။

**Source : https://futurism.com**



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal


**ကျောဖုံး မှ-**

အန္တရာယ်ကြောင့် မိမိတို့၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝများ ထိခိုက်မှုမရှိစေရန် ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း တိတိကျကျစည်းကြပ်စစ်ဆေးရန်နှင့် မိမိတို့နိုင်ငံအား ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး အတွက် ရေတို၊ ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်သွားနိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ရေးအဖွဲ့ဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကိုကိုတင်က အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ဆက်လက်ဆွေးနွေးမည့် ဆက်စပ်ဥပဒေများကိုရှင်းလင်းပြောကြားပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး (ညွှန်ကြားရေးမှူး) ဒေါက်တာအောင်မြင့်က Chemical Waste Code များသတ်မှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများမှ Chemical Waste Code များ သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် စက်မှုဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ကိုယ်စားလှယ်များ၊ မီးသတ်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊




ရောင်နီအရက်ချက်စက်ရုံ၏ Biological Waste Water Treatment Plant နှင့် ရေနမူနာကောက်ယူသည့်နေရာများအားတွေ့မြင်ရစဉ်၊

ဆက်လက်၍ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်တက္ကသိုလ် (ဓာတုဗေဒဌာန) တို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြပြီး ညနေ ၅ နာရီတွင် အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။ ❑

## အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၏ မီးခံဘိလပ်မြေပြားစက်ရုံခွဲ (မှော်ဘီ) အား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest-EoI)

အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ မီးခံဘိလပ်မြေပြားစက်ရုံခွဲ (မှော်ဘီ) အား ပြည်တွင်းပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

စိတ်ဝင်စားသောကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ EoI အား **အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ် (၄၁) နေပြည်တော်**သို့လိပ်မူလျက် အောက်တိုဘာလ ၂၄ ရက်နေ့၊ ညနေ ၃ နာရီ ပေးပို့ရမည်ဖြစ်ပါသည်။

အဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား ကုမ္ပဏီဆိုင်ရာအထောက်အထားများတင်ပြလျက် အထက်ပါလိပ်စာတွင် (၂၅. ၉. ၂၀၁၇) မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇ ၄၀၈၂၀၈၊ ၀၆၇ ၄၀၈၁၆၀)**

## မော်တော်ယာဉ်ဆိုင်ရာ မူဝါဒ (ပထမမူကြမ်း) နှင့် ပတ်သက်၍ Stakeholder Meeting ကျင်းပပြုလုပ်

မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားမော်တော်ယာဉ်ဆိုင်ရာ အကြံပြုချက် စာတမ်း/အစီရင်ခံစာကို အခြေခံပြီး စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ ပူးပေါင်း၍ ရေးဆွဲပြုစုထားသည့် မော်တော်ယာဉ်ဆိုင်ရာမူဝါဒ (ပထမမူကြမ်း) အပေါ် ဆက်စပ်ဝန်ကြီးဌာနများနှင့်အသင်းအဖွဲ့အစည်းများ ပါဝင်သော Stakeholder Meeting အား စက်တင်ဘာလ ၂၂ ရက်နေ့၊ နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။




အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ တာဝန်ရှိသူများက အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာန ကိုယ်စားလှယ်များ၊ မော်တော်ယာဉ်ဆိုင်ရာ အသင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း (၄၄) ဦးတက်ရောက်ခဲ့ကြသည်။

ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ နိုင်ငံတကာမှ မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းများ ပြည်တွင်းသို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ ပြည်တွင်း မော်တော်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး၊ အရည်အသွေးကောင်းမွန်၍ ဘေးကင်းလုံခြုံစိတ်ချပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် မော်တော်ယာဉ်များကို ပြည်တွင်း၌ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေးနှင့် ပြည်တွင်း၌ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့်အတူ မော်တော်ယာဉ်အစိတ်အပိုင်း ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးအားကောင်းလာစေရေး ရည်ရွယ်၍ မော်တော်ယာဉ်ကဏ္ဍအတွက် လိုအပ်နေသည့် မူဝါဒတစ်ရပ် အမြန်ဆုံးသတ်မှတ်ပြဋ္ဌာန်းနိုင်ရေး Time Schedule များ ချမှတ်၍ အောက်တိုဘာလကုန်တွင် အပြီးသတ် သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ❑

# SIX POINTS

## Ms Pipe, Gl Pipe and Pipe Fitting




No.A-5,Yadanar Theingi Road,(64)Quater,Industrial Zone(3),
South Dragon Township,Yangon, Myanmar.
Phone : (951)590741,590637, 09 5007719, 09 73243869
(Viber) : 09 965007719.
E-mail : sixpoints.a5@gmail.com

# Helta Light Engineering Co., Ltd.



Helta Light Engineering Co., Ltd.မှ Internal Electrical နှင့် Transformer တပ်ဆင်ခြင်းလုပ်ငန်းများအား

အစိုးရထံမှဓာတ်အားသုံးစွဲခွင့်ခွင့်ပြုမိန့်ရရှိသည်အထိဆောင်ရွက်ပေးပါသည်။

Head Office : No-127,Ngu Wah Street,Ahlone Township,Yangon,Myanmar.

Contact Phone : 09-43179588,09-454898366,09-250506678,09-43179599,09-448012415



# ရွှေမဲခေါင် ကားဝန်ဆောင်မှုလုပ်ငန်း

Motor Show Room အမှတ်(၁၆၁)၊ကျိုက္ကဆံလမ်း၊နတ်မောက်၊တာမွေ။

Ph: 09 5427002, 09 49600954





# TOKYO PIPE

HDPE Pipes , uPVC Pipes, PPR Pipes & Fittings

ISO 9001:2015
Certificate No.11249

## HDPE Pipes & Fittings



## uPVC Pipes & Fittings



* HDPE Telecom Duct Pipe
* Fiber Optic Cable Pipe
* Water Supply Pipe
* Agriculture ( Drip & Filtering ) Pipe
* Electrical Cable Pipe
* Gas Line Pipe
* Drainage Pipe
* Sewage Pipe



## PPR Pipes & Fittings



Excel Treasure Tower, No.520, Kaba Aye Pagoda Road, Shwe Gon Dine, Bahan Township, Yangon, Myanmar.
Tel : 95-1-559 744, 01-558 863, 09-500 1326, 09-505 2011 Fax: 95-1-558 869
Web: www.tokyopipe.com.mm E-mail: info@tokyopipe.com.mm

# MYIT SHWE WAH INDUSTRY CO.,LTD.

## FLEXIBLE PLASTIC PACKAGING FACTORY

**စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံး**
**အိတ် နှင့် အလိပ်မျိုးစုံ**




ကမ္ဘာ့အဆင့်မီ စက်သစ်ကြီးများဖြင့် အရောင်အသွေးမျိုးစုံ ပုံနှိပ်ခြင်း၊ အလွှာကပ်ခြင်း၊ အိတ် (သို့) အလိပ်များပြုလုပ်ခြင်း၊ ဗူးနှင့် ပုလင်းပတ်ရန် Shrink Label မျိုးစုံ ပြုလုပ်ခြင်း တို့ကို နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးမြင့် ကုန်ကြမ်းပစ္စည်း များဖြစ်သော OPP, NYLON, PET, VMPET, VMCPP, CPP, ALUMINIUM FOIL, PP, PE, PVC SHRINK FLIM တို့ဖြင့် ကျွမ်းကျင်သော ဒီဇိုင်းပညာရှင်များ၊ ကျွမ်းကျင်သော ထုတ်လုပ်မှု ပညာရှင်ကြီးများ ကိုယ်တိုင် ကြီးကြပ်၍ အရည်အသွေး အကောင်းဆုံး၊ တိကျ အမြန်ဆန်ဆုံးနှင့် ဈေးနှုန်းအချိုသာဆုံး ဖြစ်အောင် ပြည်တွင်းတွင် အစအဆုံး (One Stop Service) လက်ခံထုတ်လုပ် ဆောင်ရွက် ပေးနေပါပြီ။



*" Total quality products and services for customer's satisfaction "*

No.124, Hakha Street, 23 Quarter, Industrial Zone(1), South Dagon T/S, Yangon, Myanmar.
Tel : 951 590433, 591349, 590187, 09-253771133, 09-43111631, 09-43111695 Fax : 951-590040
Email : myitshwewah.myanmar@gmail.com, msw.ygn.mkt@gmail.com, Website : www.myitshwewah.com.

# 1+ Plus

**Purified Drinking Water**

RO & O.ZONE
UF System




အမှတ်(၆၃)၊ အောင်ဘောဂ (၂)လမ်း၊
ရဲစုကြီးကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၂၅၀၃၉၁၁၅၅၊ ၀၉ - ၄၄၈၀၀၈၆၇၉၊
၀၉ - ၂၆၂၃၉၀၆၅၀



JOIN THE DRIVE
Mobil
Mobil ထင်ရှားပိုင်ကိုသုံးစွဲပြီး . . . . .
Brand New Car သစ်လေးနဲ့အတူ
ရွှေသားဆုတွေအများကြီးပိုင်ဆိုင်လိုက်ကြရအောင် . . . .
Brand New Car – (၈) စီး
ရွှေ ၁ကျပ်သား – (၂) ဆု
ရွှေ ၅မူးသား – (၄) ဆု
ရွှေ ၁ပေတ်သား – (၈) ဆု
Promotion Period 14.8.2017 to 15.12.2017




UHA
ပလတ်စတစ်စက် နှင့်
ပလတ်စတစ်ဘူးမျိုးစုံလုပ်ငန်း
မိတ်ဆွေများ လိုအပ်သည့် အရည်အသွေးပြည့်မီ အကောင်းဆုံး(၂၀လီတာ၊ ၁၀လီတာ၊ ၅လီတာ)
HDPE ဘူးများကို တစ်နှစ်အတွင်း ကွဲခြင်း၊ ရေယိုခြင်း မရှိကြောင်း အထူးအာမခံဖြင့်
လိုအပ်သော အချိန်အတွင်းရရှိရန်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပဲဆီသန့်ဘူးဆိုဒ်စုံရမည်။
(အရည်အသွေးပြည့်မီ Plastic Blow Machine များလည်း
လက်ခံဆောင်ရွက်ပေးပါသည်)
အမှတ် – ၃၅၃/၃၅၄ ၊စစ်ကိုင်းလမ်း၊ ၂၃–ရပ်ကွက်၊ စက်မှုဇုန် – (၁)၊ တောင်ဒဂုံစက်မှုဇုန်၊
ရန်ကုန်မြို့
ဖုန်း – ၀၉ – ၇၆၅၁၆၀၃၆၇၊ ၀၉ – ၇၈၅၁၆၀၃၆၆၊ ၀၉ – ၇၈၅၁၆၀၃၆၇၊ ၀၉ – ၅၁၆၀၃၆၇




Top-Kick Multi - Crop Thresher
စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်
စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။
ပဲကွဲမှုမရှိကြောင်း နှင့် သဲ၊ ခဲ ကင်းစင်မှုကို အာမခံပါသည်။
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက အလေ့အလွင့်အနေဖြင့် (၄) ပြည်သာလျော့မည်
ရိုးမဘဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung
(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone (1),Pyay.
Ph-09-5409513,09-253100337,09-253149075
ဆက်သွယ်ရန်– ကိုဇော်မိုးအောင် (၀၉–၅၄၀၉၅၁၃)
အမှတ် (၂၀)၊ ဦးလူကြီးလမ်း၊ စက်မှုဇုန် (၁)၊ ပြည်မြို့

# ပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိ ကို လုပ်ငန်းတိုင်းအတွက်ဆန်းစစ် နိုင်ငံတော်အတွက် သင့်လျော်အသုံးဝင်မည့် လက်တွေ့ကျသောမူဝါဒများပေါ်ထွက်လာစေရေး အကြံပြုဆွေးနွေး
# 'ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့၏ (၁/၂၀၁၇) အစည်းအဝေးကျင်းပ'



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် စက်တင်ဘာလ ၂၇ ရက်နေ့တွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) ၌ ကျင်းပပြုလုပ်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ (၁/၂၀၁၇) အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ နေ့စဉ်လူနေမှုဘဝများတွင် ဓာတုပစ္စည်းများကို အသွင်အမျိုးမျိုးဖြင့် အသုံးပြုရာ၌ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များထုတ်ပြန်ပြီး တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့အတွက် စစ်ဆေး၍ ထောက်ခံချက်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော်လည်း အန္တရာယ်ရှိ ဓာတုပစ္စည်းများအား သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်သိမ်းဆည်းခြင်း၊ ပြုပြင်သန့်စင်ခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်းတို့အတွက် တိကျသော နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းများနှင့် စစ်ဆေးစည်းကြပ်မည့်နည်းလမ်းနှင့် လုပ်ငန်းစဉ်များ သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်နေသေးကြောင်း၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်စပ်ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်ပေးရန် အရေးကြီးကြောင်း၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ

**စာမျက်နှာ ၂၀ သို့-**

---

မျက်နှာဖုံးမှ-

## ကိုရီးယားသမ္မတနိုင်ငံ KDE & C ကုမ္ပဏီက ရခိုင်ပြည်နယ်၊ မောင်တောဒေသရှိကျေးရွာများသို့ စက်မှုဝန်ကြီးဌာနမှတစ်ဆင့်လှူဒါန်းသော နေအိမ်သုံးဆိုလာမီးထွန်းစနစ် (၁၅၀) စုံ ပေးအပ်လှူဒါန်း

ကိုရီးယားသမ္မတနိုင်ငံ KDE & C ကုမ္ပဏီက ရခိုင်ပြည်နယ်၊ မောင်တောဒေသရှိ ကျေးရွာများသို့ စက်မှုဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းသော နေအိမ်သုံး ဆိုလာမီးထွန်းစနစ် (၁၅၀) စုံ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာလ ၂၂ ရက်နေ့၊ နံနက် ၉ နာရီခွဲတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အစည်းအဝေးခန်းမ (၁) တွင် ကျင်းပပြုလုပ်ခဲ့သည်။




အဆိုပါအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီပွားရေးရာဝန်ကြီး ဦးကျော်အေးသိန်း၊ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးပုန်ဘွေ၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းနှင့်ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်ညွန့်နှင့်ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်၊ မောင်တောဒေသရှိ ကျေးရွာများတွင်အသုံးပြုရန် နေအိမ်သုံး ဆိုလာမီးထွန်းစနစ် (၁၅၀) စုံကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့်ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းတို့ထံသို့ ပေးအပ်လှူဒါန်းသည်။ ထို့နောက် နေအိမ်သုံးဆိုလာမီးထွန်းစနစ်များ လှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်း တို့က ညွှန်ကြားရေးမှူးချုပ်ထံသို့ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နေအိမ်သုံးဆိုလာမီးထွန်းစနစ်အသုံးပြုမှု သရုပ်ပြတပ်ဆင်ပြသခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ KDE & C ကုမ္ပဏီက စက်မှုဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လှူဒါန်းသော နေအိမ်သုံးဆိုလာမီးထွန်းစနစ် (၁၅၀) စုံသည်စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅,၀၀၀ တန်ဖိုးရှိပြီး ရခိုင်ပြည်နယ်၊ မောင်တောဒေသရှိ လျှပ်စစ်မီးမရရှိ



သေးသောကျေးရွာများသို့ ဆက်လက်ပေးပို့တပ်ဆင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။